# ရှေ့ကြမှန် The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (18-10-2011) (၆၉၁၆)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်မှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း မိသားစုတို့သည် ယနေ့ညပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။ (အောက်ပုံ)

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻





# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်မည်

## ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၁၀)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး ဆောင်ရွက်ကြရန်ဖြစ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးပေး

နေပြည်တော် အောက်တိုဘာ ၁၇

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✤





၁၈-၁၀-၂၀၁၁
(အင်္ဂါနေ့)

## လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါး တားဆီးဖယ်ရှား

မူးယစ်ဆေးဝါးပြဿနာသည် လူသားတိုင်း၏ပြဿနာ ဖြစ်သည်။ ဒေသတိုင်း၊ နိုင်ငံတိုင်း၊ လူမျိုးတိုင်း၏ လူမှုပတ်ဝန်းကျင်ကိုပါ အန္တရာယ်ပြု ခြိမ်းခြောက်လာနေသည်။ အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါး အမျိုးမျိုးပျံ့နှံ့သုံးစွဲလျက်ရှိရာ နိုင်ငံအလိုက် ကောင်းကျိုးမပေးသည့် မူးယစ်ဆေး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အလေးထားလုပ်ဆောင်နေကြရပေပြီ။

ယခုအခါ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲမှုများ ကမ္ဘာတစ်ဝန်း၌ ကျယ်ပြန့်လာလျက်ရှိသည်။ မူးယစ်ဆေးဝါး ကိုယ်တိုင်သုံးစွဲသူများကိုသာမက ယင်းတို့နှင့် နီးနွယ်ဆက်စပ်နေသည့် မိသားစုကိုပါ ဆိုးကျိုးများ ဖြစ်ပေါ်စေသည်။

အလားတူ မူးယစ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်နေသော လူမှုပတ်ဝန်းကျင်ကို ညှိုးနွမ်းပျက်သုဉ်းစေသည်။ စီးပွားရေး၊ လူမှုရေးများလည်း ထိခိုက်ပျက်စီးဆုံးရှုံးစေသည်ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံအလိုက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး နည်းလမ်းအသွယ်သွယ်ဖြင့် လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတစ်ခုချင်းသာမက ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို စွမ်းအားပြည့် လုပ်ဆောင်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်း ချမှတ်ဖော်ဆောင်နေသည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စီမံကိန်းကာလအတွင်း နှစ်အလိုက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ခရီးရောက်အောင်မြင်မှုများ ရရှိနေပြီ။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများနှင့် ဆက်စပ်နေသည်ဖြစ်ရာ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူလျက်ရှိသည်။

ရှမ်းပြည်နယ် မူဆယ်ခရိုင်အတွင်း မကြာသေးမီက နယ်မြေရှင်းလင်းစဉ် မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် စက်ကိရိယာများ၊ ဆေးပြားရိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ရှာဖွေသိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။ ထို့အတူ မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို အရှိန်အဟုန်မြှင့် တားဆီးနှိမ်နင်းလျက်ရှိရာ စက်တင်ဘာလအတွင်းက မူးယစ်ဆေးဝါးအမှုပေါင်း ၁၅၆ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ နှစ်ရာကျော်တို့အား ဥပဒေအရ အရေးယူနိုင်ခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများကို တားဆီးနှိမ်နင်းနေသည့်တိုင် လူသားများ၏ဘဝကို အန္တရာယ်ပြု ခြိမ်းခြောက်နေဆဲဖြစ်သည်။ လူသားတစ်မျိုးနွယ်လုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချနေမှုများ တားဆီးနှိမ်နင်းဖယ်ရှားရေး လုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးက ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပညာရည်ချွန်ဆုနှင့် ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲ၌ ဆုရသူများ ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၇

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သူများ၊ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၌ စံပြဆုရရှိသူများနှင့် ပြည်တွင်းအားကစားပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် အောင်နိုင်ဆုရ အားကစားမောင်မယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမဆောင်၌ ကျင်းပသည်။**

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့် (အထက်မြန်မာပြည်)တို့တွင် ဖွင့်လှစ်သော အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၌ သင်တန်းသူစံပြဆုရ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်နီနီစိုးနှင့် သင်တန်းသားစံပြဆုရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးခင်မောင်ညွန့်တို့အား ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ရဲထွဋ်၊ မောင်စိုးမင်းထိုက်၊ မယမင်းရည်မွန်တို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ခြောက်ဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ဦးအုန်းသန်းတို့က ငါးဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၏ဇနီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များက လေးဘာသာ၊ သုံးဘာသာဂုဏ်ထူးရှင်များအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သော တံခွန်စိုက်ဒိုင်းဆုများကို သက်ဆိုင်ရာအားကစားတာဝန်ခံများက ပြည်ထောင်စုဝန်ကြီးထံ အပ်နှံကြပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီး၏ဇနီးနှင့် တာဝန်ရှိသူတို့က ဆုရအားကစားမောင်မယ်များနှင့် သက်ဆိုင်ရာ အားကစားနည်းပြများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယနေ့အခမ်းအနားတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်



ခဲ့သူ ရှစ်ဦး၊ ငါးဘာသာ ၂၃ ဦး၊ လေးဘာသာ ၅၉ ဦး၊ သုံးဘာသာ ၃၄ ဦး စုစုပေါင်း သုံးဘာသာနှင့်အထက် ဂုဏ်ထူးရှင် ၁၂၄ ဦး၊ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၌ စံပြဆုရရှိသူ ဝန်ထမ်းနှစ်ဦးနှင့် ပြည်တွင်းအားကစားပွဲများတွင် ဆုတံဆိပ် ၆၈၆ ဆုနှင့် ပြည်ပအားကစားပွဲများတွင် ဆုတံဆိပ် ၁၆ ဆုရရှိခဲ့သူ အားကစားမောင်မယ်များအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ပညာရည်ချွန်ဆုများအတွက် ဆုကြေးငွေ ကျပ် ၁၀၂၂၀၀၀၀ နှင့် အားကစားဆုများအတွက် ငွေကျပ် ၁၄၇၆၂၀၀၀ စုစုပေါင်းငွေကျပ် ၂၄၉၈၂၀၀၀ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ဆုပေးအပ်ချီးမြှင့်

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးအောင်ဇော်သိန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၈)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် တရားမအထူးအယူခံမှု (၇)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၁၀-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၅။ ဇာတ်လမ်းတို
- ၄း၃၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၅၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း (၄၆)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ Guide For You
- ၆း၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၁၂)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒို့တာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ သီချင်းလက်ဆောင်
- ၂၁။ ဟာသရုပ်စုံ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ အပိုင်း (၃၀) (ဇာတ်သိမ်းပိုင်း)**
- ၂၄။ Mini Series

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၆၂၅၃ | ၀. ၀၃၂၆၅ |
| တရုတ် (ယွမ်) | ၆. ၃၇၁၇၈ | ၀. ၁၅၆၉၄ |
| အိန္ဒိယ (ရူပီး) | ၄၈. ၉၂၅၀ | ၀. ၀၂၀၄၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၀၁၀၀ | ၀. ၃၂၂၄၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၆၃၄ | ၀. ၇၈၉၆၈ |
| ဂျပန် (ယန်း) | ၇၇. ၀၆၂၈ | ၀. ၀၁၂၉၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၅. ၅၀ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၂၆၆၃ | ၁. ၃၇၆၂၁ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၃၈၇ | ၁. ၅၇၇၆၀ |

*အင်တာနက်။*

## ဗဟန်းစာပေနှင့်စာနယ်ဇင်း အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်အစည်းအဝေးကို အောက်တိုဘာ ၁၅ ရက်က အမှတ် (၂၂၂) ရွှေဂုံတိုင်လမ်း၌ ကျင်းပပြီး ၂၀၁၂ ခုနှစ် မဂ္ဂဇင်းထုတ်ဝေရန် ဆုံးဖြတ်ကြကာ အဖွဲ့ပြက္ခဒိန်ထုတ်ဝေခြင်းကိစ္စ ညှိနှိုင်းပြီး ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရွှေမြန်မာဂျာနယ်တိုက်မှ လှူဒါန်းသော လစဉ်ထုတ် ဂျာနယ်မျိုးစုံတို့ကို မြို့နယ်အတွင်းရှိ ကျောင်းစာကြည့်တိုက်များသို့ ဆက်လက်လှူဒါန်းသွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

(ကြေးမုံ)

## စာအုပ်စာပေ လူ့မိတ်ဆွေ



**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၁၁)တွင် ဗဟိုဌာနချုပ်က ထောက်ပံ့ပေးခဲ့သော အသက်(၇၅)နှစ် ပြည့်ပြီးသူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များနှင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များ၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား စုစုပေါင်းထောက်ပံ့ငွေ ကျပ် ၄၈၀၀၀၀ ကို အောက်တိုဘာ ၁၀ ရက်က လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း) ပေးအပ်စဉ်။**

(ကြေးမုံ)

## မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်း အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းအသင်းက ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက်(အမျိုးသားနေ့) နံနက် ၉ နာရီခွဲတွင် အမှတ်(၆၈) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အထက(၂)ဒဂုံ၊ အထက(၃)ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဖုန်း-၂၅၀၁၅၃၊ ၇၃၀၁၁၇၀၇၊ ဦးသန်းဝင်း(ရုပ်ရှင်) ဖုန်း-၀၉-၅၀၁၉၄၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ကျောင်းနှင့် အဆက်အသွယ်ပြတ်နေသော ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြပါရန်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)



မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

**❖ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှ**

အစည်းအဝေးသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြသည့်အတွက် တိုင်းပြည်လူဦးရေအများစု၏ ရေရှည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရေးသည် ပဓာနကျကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဗဟိုကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ဗဟိုကော်မတီက ချမှတ်ထားသည့် လုပ်ငန်းစဉ်(၈)ရပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် လုပ်ငန်းစဉ်များအလိုက် အောက်ခြေအထိဆင်းပြီး ကျေးလက်နေပြည်သူများ၏ အကျိုးအတွက် အမှန်တကယ် အလုပ်လုပ်လိုသော ကျေးလက်နေပြည်သူများနှင့် ပူးပေါင်း၍ လုပ်ငန်းများကို အောင်မြင်အောင် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကောက်ယူခဲ့သည့် အိမ်ထောင်စုစားဝတ်နေရေး ဘက်စုံလေ့လာမှုစစ်တမ်းရလဒ်များအရ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆင်းရဲမှုမှာ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်ကိုတွေ့ရသော်လည်း မြို့ပြနှင့် ကျေးလက်များအကြား ကွာဟမှုများပြားနေသည်ကို တွေ့ရကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ကျေးလက်ဒေသသည် မြို့ပြထက် ဆင်းရဲမှုမြင့်မားပြီး အများဆုံးတိုင်းဒေသကြီးနှင့် ပြည်နယ်တွင် ၇ ဆခန့် ကွာဟမှုရှိသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်မှ ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နှင့်အညီ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းအား ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်အောင် ရည်မှန်းချက်ထားပြီးဖြစ်ရာ ကျေးလက်နှင့် မြို့ပြအကြား ကွာဟမှုကျဉ်းမြောင်းအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၁၀)ရပ်ကို လုပ်ငန်းလမ်းညွှန်များအဖြစ် ခံယူပြီး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ

**(၁) စိုက်ဧကတိုးချဲ့ခြင်း (Horizontal Extension) နှင့် အထွက်နှုန်း တိုးတက်ရေးဆောင်ရွက်ခြင်း (Vertical Extension) လုပ်ငန်းနှစ်ရပ်အနက် လက်တွေ့ကျကျ လုပ်နိုင်မည့်နည်းမှာ စိုက်ဧကတိုးချဲ့ခြင်းထက် ထွက်နှုန်း တိုးတက်အောင် ကျယ်ကျယ်ပြန့်ပြန့် မျိုးပြောင်းလဲပေးနိုင်အောင် ဆောင်ရွက်ပေးရန်လိုအပ်ခြင်း။**

**(၂) တစ်ဧကတင်း(၅၀)ထွက်ရာမှ တင်း(၁၀၀)ထွက်ပါက ဝင်ငွေပိုရမည့်အပြင် ဈေးကွက်ဝင် အရည်အသွေးကောင်းဖြစ်ပါက ဈေးပိုရပြီး ဝင်ငွေပိုရနိုင်သည့်အတွက် ဈေးကွက်ဝင်မျိုးကောင်းများ စိုက်ပျိုးရန် လိုအပ်ခြင်း။**

**(၃) ထုတ်လုပ်စရိတ်မြင့်မားမှုကြောင့် ဝင်ငွေအကျိုးအမြတ်နည်းနေခြင်းအပေါ် ကုစားရန် ထုတ်လုပ်စရိတ် (Cost of Production) လျှော့ချနိုင်အောင် နည်းလမ်းရှာဆောင်ရွက်ခြင်း။**

**(၄) စပါးရိတ်ပြီး ကန်သင်းပေါ်ပုံ၍ ပဲမျိုးစုံ ထွန်ယက်စိုက်ပျိုးရန် လုံးပန်းနေရခြင်းကြောင့် စပါးအရည်အသွေးကျဆင်းကာ အလေအလွင့်ပိုမိုလာပြီး ဝင်ငွေကျဆင်းမှုဖြစ်ရသကဲ့သို့ ခြွေလှေ့ချိန်နှင့် ထွန်ယက်ချိန် အလျဉ်မမီခြင်းအပေါ် ကုစားရန် ရိတ်သိမ်းခြွေလှေ့စက်နှင့် ထွန်ယက်ကိရိယာများ အသုံးပြုရန်လိုအပ်ပြီး အစုအဖွဲ့စနစ်ဖြင့် စုပေါင်းဝယ်ယူ၊ အလှည့်ကျထွန်ယက်စနစ်ကျင့်သုံးနိုင်ရေး ဌာနဆိုင်ရာများနှင့် ကျေးရွာအစုအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ခြင်း။**

**(၅) မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ထွန်ယက်ကိရိယာ၊ စိုက်စရိတ်၊ သွင်းအားစု ဖြန့်ဖြူးမှုကျယ်ပြန့်စေရန်နှင့် အရည်အသွေးမှန်ပြီး စရိတ်လျော့ကျစေရန် ဆောင်ရွက်ခြင်း။**

**(၆) အရင်းအနှီးလိုအပ်ချက်ကို အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Micro Finance)ကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် ဆောင်ရွက်ပေးခြင်း။**

**(၇) နည်းပညာလိုအပ်ချက်ကို တစ်ဦးချင်းပညာပေးမှုအစား အစုအဖွဲ့များ ဖွဲ့စည်းထားပါက ပညာပေးမှု ပိုမိုလွယ်ကူပျံ့နှံ့စေနိုင်ခြင်း။**

**(၈) သားငါးကဏ္ဍတွင်လည်း ထုတ်လုပ်မှုစရိတ် လျော့နည်းကျဆင်းရေး၊ အရည်အသွေးမြှင့်တင်ခြင်းနှင့် ဝင်ငွေပိုမိုရရှိစေခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်ရေး အစုအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ အားပေးမြှင့်တင်ခြင်း၊ ဆန်စပါး၊ ပဲ၊ နှမ်း၊ ရာသီသီးနှံများအလှည့်ကျ နှစ်သီး၊ သုံးသီး စိုက်ပျိုးခြင်းဖြင့် ပင်မဝင်ငွေ (Primary Income) ရရှိသော်လည်း လေးငါးလအလှည့်ကျစောင့်၍ ရရှိမည့် ဝင်ငွေသာဖြစ်ရာ ဒုတိယဝင်ငွေ (Secondary Income) ရရှိရေးအတွက် တစ်ပိုင်တစ်နိုင် ကြက်မွေးမြူခြင်း၊ ဝက် မွေးမြူခြင်း၊ နွားမွေးမြူခြင်းတို့အပြင် ရေ မြေ အခြေအနေပေးပါက ပေါင်းစည်းလယ်ယာ (Integrated Firming) တိုးချဲ့ဆောင်ရွက်ခြင်း။**

**(၉) ဒုတိယဝင်ငွေ (Secondary Income) ရရှိရေး အခြားနည်းလမ်းမှာ ကျေးရွာများတွင် မိမိတို့အိမ်ခြံမြေအတွင်း၌ မိမိတို့တစ်ဦးတစ်ယောက်ချင်း နှစ်သက်ရာ နှစ်လတ်၊ နှစ်ရှည်ပင်များအား တူတူညီညီ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှု (Commercial Production) အဆင့်သို့ အစုအဖွဲ့အဆင့်ဖြင့် ကူးပြောင်းဆောင်ရွက်ခြင်း၊ ထိုမှတစ်ဆင့် တစ်ရွာထွက်ကုန်တစ်မျိုး (One Village One Product) ဖြစ်အောင် ဆောင်ရွက်ခြင်း။**

**(၁၀) ကျေးရွာတစ်ရွာ ထွက်ကုန်တစ်မျိုး (One Village One Product) ဆောင်ရွက်ရာတွင် နယ်မြေဒေသနှင့် ကျေးရွာများအခြေအနေပေါ်မူတည်၍ လယ်ယာသီးနှံများသာမက အခြားလက်မှုပစ္စည်းများ၊ အနုပညာပစ္စည်း၊ လူသုံးအိမ်သုံးပစ္စည်းများ၊ ဈေးကွက်ဝင်ထုတ်လုပ်နိုင်အောင် အားပေးခြင်း၊ ယွန်းထည်၊ စဉ့်ထည်၊ ပိုးလုပ်ပိုးထည်၊ ကြေးထည်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ လက်ချုပ်လုပ်ငန်း စသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ အစုအဖွဲ့ဖြင့် စီးပွားရေးကုန်ထုတ်လုပ်ငန်းများ အားပေးမြှင့်တင်ခြင်းတို့ဖြစ်ကြောင်း။**

မိမိဒေသ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမည့် သီးနှံများတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးကို အားစိုက်ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ ဥပမာအားဖြင့် ချင်းပြည်နယ်တွင် လက်ဖက်တိုးချဲ့စိုက်ပျိုးရေးကို အလေးပေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုသာလျှင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးအတွက် အရေးကြီးသည့်အချက်မှာ ကျေးလက်နေပြည်သူများအနေဖြင့် လယ်ယာ၊ သားငါးလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများ (Farm activities) မှ ဝင်ငွေများသာမက အခြားလုပ်ငန်းများ (non-farm activities) များ ဆောင်ရွက်နိုင်ရန်အတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ non-farm activities များ ဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော ကျေးလက် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (OVOP) လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကျေးလက်အခြေခံစက်မှုလုပ်ငန်းများ (Rural Industrialization)ထူထောင်၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းအများစုမှာ အသေးစား စက်မှုကုန်ထုတ်လုပ်ငန်းများဖြစ်သည့်အတွက် ယင်းအသေးစားစက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ကြမ်းအလုံအလောက်ရရှိရေး၊ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေး စသည်တို့ကို ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ဈေးဆိုင်ငယ်များ၊ လက်လုပ်လက်စားများကို ဝိုင်းကြီးချုပ်စနစ်ဖြင့် အသေးစား ငွေစုငွေချေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း။

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများအား လူထုယုံကြည်ကိုးစားမှုရရှိရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် လုပ်ငန်းတူဆောင်ရွက်သူအချင်းချင်း စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်နိုင်မှသာ အချိန်တိုကာလအတွင်း ရည်မှန်းချက်များ ပြည့်မီနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေသအသီးသီးတွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် ကျေးလက်နေပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် ရေရရှိရေးတို့ကို အထူးအလေးပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးလာစေရေးအတွက် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသအသီးသီးတွင် ရှိရင်းစွဲ သယံဇာတအပေါ်မူတည်၍ စွမ်းအင်ပိုမိုထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသအားလုံး လျှပ်စစ်မီးရရှိရေးကို မဖြစ်မနေဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို အထူးအလေးပေး အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုးချဲ့ဆောင်ရွက်မည့် ကုန်ထုတ်လုပ်ငန်းများကြောင့် ရေထု၊ လေထု ညစ်ညမ်းမှုမရှိရေးအတွက် နည်းပညာသစ်များ ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထင်းအစားထိုးလောင်စာသုံးစွဲရေး၊ သစ်တောကြိုးဝိုင်းတိုးချဲ့ခြင်း၊ ကြိုးပြင်ကာကွယ်တော တိုးချဲ့ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေးအတွက် ကျေးလက်ပြည်သူများအားလုံး ပါဝင်လုပ်ကိုင်သော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ Rural Public Work များကို ကျေးလက်ပြည်သူများအားလုံး တစ်ပိုင်တစ်နိုင်ဝိုင်းဝန်းလုပ်ကိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသော ဆည်မြောင်းငယ်များ၊ လမ်းများကို စုပေါင်းတည်ဆောက်ကြခြင်းဖြင့် တစ်ဖက်တွင် ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှုလျှော့ချရေးကို များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးအတွက် အဓိကကျသော Farm and non-farm activities များ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာစေရေးအတွက် ဦးစားပေးအစီအစဉ်များ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းကော်မတီများနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများဖွဲ့စည်းပြီး ဒေသအလိုက် အကောင်အထည်ဖော်လျက်ရှိကြရာ ယခုအစည်းအဝေးတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လုပ်ငန်းကော်မတီများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပြန်လည်တင်ပြရန်နှင့် ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ စပါး၊ ပဲနှင့် အဓိက သီးနှံများအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး၊ သုတေသနစိုက်ပျိုးရေးဌာနများမှ အထူးအထွက်တိုး မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု၊ ဘဏ္ဍာငွေလိုအပ်ချက်၊ ဗီယက်နမ်၊ အိန္ဒိယ စသည့် ပြည်ပနိုင်ငံများမှ အထွက်တိုး စပါးမျိုးများရရှိရေး ပူးပေါင်းဆောင်ရွက်နေမှု၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ လေ့ကျင့်ပညာပေးရေး၊ တောင်သူအချင်းချင်း အသိပညာဖြန့်ဖြူးရေး၊ မျိုးစေ့များ လိုအပ်သည်ထက် ပိုမိုကုန်ကျနေမှုများအတွက် လျှော့ချရေးနည်းစနစ်များ သိရှိရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေး လယ်ယာကဏ္ဍတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေး၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ဆည်ရေသောက်စနစ်လုပ်ငန်းများနှင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးစရိတ် ငွေကြေးထုတ်ချေးနိုင်မှု၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး လုပ်ငန်းဆောင်ရွက်ရာတွင် Value Added အဆင့်အထိ လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်နေမှု၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ငွေကြေးအရင်းအနှီးများသည် လယ်ယာကဏ္ဍသို့ ရောက်ရှိရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်း၊ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသားငါးကဏ္ဍအစုအဖွဲ့များ စုဖွဲ့ပြီးစီးမှုနှင့် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်နေမှု၊ ဒေသအလိုက် သားငါးထုတ်လုပ်မှု၊ စားသုံးမှု၊ ပိုလျှံ၍ တင်ပို့နိုင်မှု၊ လိုအပ်၍ တင်သွင်းနိုင်မှု၊ ဈေးကွက်လိုအပ်ချက်အရ တစ်ပိုင်တစ်နိုင် ဟင်းစားအဆင့်မှ စီးပွားဖြစ် မွေးမြူရေးအဆင့်အထိ မြှင့်တင်မွေးမြူနိုင်ရေး၊ ထိုသို့မွေးမြူနိုင်ရန် ငွေကြေးရင်းနှီးမြှုပ်နှံမှုရရှိရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပေါင်းစည်းလယ်ယာတိုးချဲ့ စုဖွဲ့ပြီးစီးမှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းကဏ္ဍများတွင် ကုလသမဂ္ဂအေဂျင်စီများမှ ပူးပေါင်းပါဝင်ရေး ပေါင်းစပ်ဆောင်ရွက်မှု အခြေအနေ၊ အထူးပြုကုမ္ပဏီများ တိုးချဲ့ဖွဲ့စည်းရေး ဖိတ်ခေါ်ဆောင်ရွက်ထားရှိမှု၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖက်စပ်ဆောင်ရွက်ခြင်းနှင့် မြေယာဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ အဓိကထားဆောင်ရွက်လျက်ရှိသည့် ကုန်ကြမ်းရရှိရေး၊ အရင်းအနှီးရရှိရေး၊ နည်းပညာရရှိရေး၊ ဈေးကွက်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း ဆောင်ရွက်ဆဲလုပ်ငန်းများ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပေါ်ပေါက်လာရေး ဆောင်ရွက်နေမှု၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းအား မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းသို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မတည်ငွေရင်း၊ အတိုးနှုန်း၊ ဝန်ဆောင်မှုစရိတ်၊ လိုင်စင်ကြေးများ သတ်မှတ်ရန် ဆောင်ရွက်ထားရှိမှု၊ လိုအပ်ချက်များ ကြိုတင်ပြင်ဆင်ထားရှိမှု၊ သက်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပြီးပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ရှင်းလင်းတင်ပြရာတွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ **စာမျက်နှာ ၄ ကော်လံ ၁ သို့**❖

❖ စာမျက်နှာ ၃ မှ

ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ စည်းရုံးဖွဲ့စည်းခြင်း၊ ပညာပေးခြင်း၊ တည့်မတ်ထိန်းကျောင်းပေးခြင်း စသည့် လုပ်ငန်းတာဝန် (၃)ရပ် ဆောင်ရွက်ထားရှိမှု၊ ဖွဲ့စည်းထားရှိပြီးသော သမဝါယမအသင်းများမှ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ လေ့ကျင့်ပညာပေးသင်တန်းများ သင်ကြားနိုင်မှု၊ သမဝါယမဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့် တိုးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရေး စိစစ်ကြပ်မတ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ အထောက်အကူပြုကော်မတီများအား မြို့နယ်အဆင့်အထိ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးစသည့် လုပ်ငန်းနယ်ပယ် (၆)ရပ်တွင် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အဆိုပါလုပ်ငန်းများအား အကောင်အထည်ဖော်နိုင်ရေးအတွက် အား(၁၀)အားဖြင့် ဆောင်ရွက်နေမှု၊ ဗဟိုမှ ကွင်းဆင်းဆောင်ရွက်မှုများနှင့် ပံ့ပိုးဆောင်ရွက်ပေးမှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁ - ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျေးရွာစာကြည့်တိုက် (၂၀၀) ဆောက်လုပ်နေမှုနှင့် သုတရသစာအုပ်များ လှူဒါန်းမှု၊ ဝေးလံဒေသများတွင် DTH စလောင်းများ တပ်ဆင်လှူဒါန်းနေမှု၊ လုပ်ငန်းကဏ္ဍ နယ်ပယ်(၆)ရပ်၏ လိုအပ်ချက်များ၊ ငွေကြေးပစ္စည်းပံ့ပိုးပေးနိုင်မှုအခြေအနေများနှင့် ဆက်စပ်လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ပတ်သက်၍ ကျေးလက်ဒေသမီးလင်းရေးအတွက် နေရောင်ခြည်၊ ရေအရင်းအမြစ်၊ လေစွမ်းအား၊ ဇီဝဓာတ်ငွေ့၊ စွန့်ပစ်ပစ္စည်းများနှင့် အင်ဂျင်ပါဝါသုံးစက်ကိရိယာများ စသည်တို့မှ စွမ်းအင်ထုတ်ယူမှု၊ အသုံးပြုမှု၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများအား ပြည်တွင်းပြည်ပမှ စေတနာရှင်များနှင့် ပြည်သူများ သိရှိလာစေရေး မီဒီယာများမှ တစ်ဆင့် အသိပေးဆောင်ရွက်နေမှု၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် သင့်လျော်ရာ စွမ်းအင်များအသုံးပြု၍ ကျေးလက်မီးလင်းရေး ဆောင်ရွက်နေမှု၊ ဆိုလာမီးအိမ်များ ဖြန့်ဖြူးပေးနေမှု၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သော စက်ကိရိယာများအား အရစ်ကျအကြွေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ နည်းပညာအကူအညီပေးနေမှု၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြင့် ဆက်စပ်ဆောင်ရွက်နေမှု၊ ပြည်သူများ တတ်နိုင်သည့် ငွေကြေးကုန်ကျမှုဖြင့်ပင် တစ်နေ့လျှင် (၅)နာရီအထိ ဆိုလာစနစ်ဖြင့် မီးလင်းအောင်ဆောင်ရွက်ပေးနိုင်မည့် နည်းစနစ်များ၊ လောင်စာချွေတာရေးနှင့် ထိရောက်စွာ သုံးစွဲရေးနည်းစနစ်များ ဖြန့်ဖြူးနိုင်ရေး၊ ထင်းအစားထိုး လောင်စာတောင့်များ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေး၊ Compressed Wood Gas အသုံးပြုနိုင်မည့် နည်းပညာရပ်များ၊ ကနဦးရင်းနှီးမြှုပ်နှံမှု တန်ဖိုးများအပေါ် လှူဒါန်းငွေများထည့်ဝင်ခြင်းဖြင့် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာ အောင်မြင်အောင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု ကော်မတီအနေဖြင့် သဘာဝသစ်တောများ ထိန်းသိမ်းခြင်းနှင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်ခြင်း၊ တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းရေး ဆောင်ရွက်ခြင်း၊ စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာ ပြုလုပ်အသုံးချခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် ကျေးလက်ပြည်သူများ ပိုမိုပူးပေါင်းပါဝင်လာစေရေး စည်းရုံးဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းပို့ချခြင်း၊ ပညာပေးစည်းရုံးခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြပြီး အစည်းအဝေးပထမပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၈-၁၀-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အကပြိုင်ပွဲ
- ၄း၂၅ ၄။ "အေးမြသော လေညင်းလေးများ"
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သမိုင်း၊ ပထဝီဝင်၊ စိတ်ပညာ၊ အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒအထူးပြုများ) (ဒဿနိကဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၅း၁၀ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၂၀ ၉။ "လယ်ယာသားငါး ပြည့်စီးပွား တိုးပွားကုန်စည်တို့မြန်ပြည်"
- ၅း၃၀ ၁၀။ ထင်ရှားကျော်ကြားသီချင်းများ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယပိုင်း) (အပိုင်း-၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
- ၁၉။ **အိန္ဒိယရုပ်ရှင် "ဂန္ဓဝင်တွင်မယ့်ဇနီး' (အပိုင်း-၃) (ဇာတ်သိမ်းပိုင်း)**
- ၂၀။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၂၁။ အစီအစဉ်ပြီး၏။



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဗဟိုဘဏ်လုပ်ငန်းသင်တန်း (ဦးစီးမှူး/ဒု-ဦးစီးမှူး အဆင့်) အမှတ်စဉ် (၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# သင်တန်းမှပို့ချသော လုပ်ငန်းဆိုင်ရာဘာသာရပ်များ လေ့လာသင်ယူပြီးဖြစ် ဘဏ်လုပ်ငန်းများ ဟန်ချက်ညီ အကောင်အထည်ဖော်နိုင်ရေး အလေးထားကြိုးပမ်းကြရမည်

နေပြည်တော် အောက်တိုဘာ ၁၇

**စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေမှုရှိသည့် ခေတ်မီတိုးတက်သောဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးစနစ် ဖြစ်ပေါ်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံးဖြစ်ရာ သင်တန်းသားများသာမက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဝန်ထမ်းအဆင့်အတန်းအားလုံးသည် နိုင်ငံတကာ ဘဏ်လုပ်ငန်းအတွေ့အကြုံများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လေ့လာကြရန် လိုအပ်ကြောင်း၊ သင်တန်းမှရရှိခဲ့သည့် အသိပညာ၊ ဗဟုသုတ အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး စွမ်းရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဗဟိုဘဏ်လုပ်ငန်းသင်တန်း(ဦးစီးမှူး/ဒု-ဦးစီးမှူး အဆင့်) အမှတ်စဉ် (၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခု သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသားများသည် သင်တန်းမှပို့ချသော လုပ်ငန်းဆိုင်ရာဘာသာရပ်များကို လေ့လာသင်ယူခဲ့ကြပြီး ဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတကာဘဏ်လုပ်ငန်းဆောင်ရွက်မှုများ ကြီးမားကျယ်ပြန့်လာသည့်အတွက် ပြည်တွင်းဘဏ်လုပ်ငန်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းများကို ဟန်ချက်ညီ အကောင်အထည်ဖော်နိုင်ရေး အလေးထားကြိုးပမ်းကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရရှိသူ ငွေကြေးဌာနမှ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ဇင်မာထွန်း၊ ဒုတိယဆုရရှိသူ ငွေကြေးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မူမူချိုနှင့် တတိယဆုရရှိသူ စီမံခန့်ခွဲရေးဌာနမှ ဦးစီးမှူး ဒေါ်လှိုင်သီတာဝင်းတို့အား ထူးချွန်ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းသားများကိုယ်စား သုတေသနနှင့် လေ့ကျင့်သင်ကြားရေးဌာနမှ ဒုတိယဦးစီးမှူး ဦးသောင်းစိုးအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ ဗဟိုဘဏ်လုပ်ငန်းသင်တန်း (ဦးစီးမှူး/ဒု-ဦးစီးမှူးအဆင့်) အမှတ်စဉ် (၁/၂၀၁၁)တွင် သင်တန်းသား၊ သင်တန်းသူ ၃၁ ဦးသည် ရက်သတ္တပါးပတ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ပညာဗဟုသုတများ၊ မျက်မှောက်စီးပွားရေးရာ အခြေအနေများ စသည်တို့ကို လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သောက်သုံးရေဖူလုံမှုရှိစေရေး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယကင်းဝေးရေး ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၇

**ဒေသခံပြည်သူများ၊ တာဝန်ရှိသူများနှင့် မိမိတို့မြို့ရွာဒေသအား စိတ်ပါဝင်စားစွာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းကို ယခုမြိုင်မြို့နယ်ပြည်သူ့ဆေးရုံ စက်ရေတွင်းနှင့်သောက်သုံးရေပေးဝေရေး ရေစင်ဆောက်လုပ်ဆောင်ရွက်နိုင်ခြင်းက သက်သေပြလျက်ရှိကြောင်း၊ ဆက်လက်၍လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ယခုကဲ့သို့ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပသော မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပြည်သူ့ဆေးရုံ စက်ရေတွင်း ဖွင့်လှစ်ပွဲအခမ်းအနား၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်သည့် လူနာများ၊ လူနာဆောင်များနှင့် ကျန်းမာရေးဝန်ထမ်းများ သောက်သုံးရေဖူလုံမှုရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပြည်သူလူထု၏ ကျန်းမာရေး ရည်မှန်းချက်ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းဝေးရေးတို့ကို ဆောင်ရွက်သွားကြရန်နှင့် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသနိုင်ရေးတို့ကို ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြိုင်မြို့နယ် ညောင်ညိုတောကျေးရွာ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းပပျောက်ရေး လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအထွက်တိုးမျိုးစပါးများနှင့် ဓာတ်မြေဩဇာအိတ်များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာနှင့် စိုက်ပျိုးရေးအမှုထမ်းများ၊ စပါးစိုက်ပျိုးသည့် ကျေးရွာပေါင်း ၂၃ ရွာမှ တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မျိုးစပါးနှင့် ဓာတ်မြေဩဇာအိတ်များကို စပါးစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၁၇ စုသို့ ပေးအပ်ခဲ့ပြီး တောင်သူလယ်သမားများ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ လယ်ကွင်းများအတွင်းသို့ ဓာတ်မြေဩဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက(၁)လသာ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

၁၉၈၆ ခုနှစ်နောက်ပိုင်း အထက(၁)လသာ၌ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့)တွင် အောင်တံခွန် အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများလှူဒါန်းလိုပါက ကိုထွန်းရွှေ(ထွန်းရွှေဝါ) ဖုန်း-၀၉-၅၁၇၉၆၅၀၊ ကိုသန်းနိုင် ဖုန်း-၀၉-၇၃၁၃၇၇၇၇၊ ဒေါက်တာထွန်းအောင် ဖုန်း-၀၉-၇၃၁၀၈၉၄၇၊ ကိုဇော်မင်းထွန်း ဖုန်း-၀၉-၅၁၃၉၀၆၈ နှင့် ကိုသန်းဇော်အေး ဖုန်း-၀၉-၇၃၀၂၆၆၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ ဦးမောင်မောင်စိန် (မန်နေဂျင်းဒါရိုက်တာ၊ ဂရိတ်ဝေါ မြန်မာဆေးဝါးနှင့် ဆောက်လုပ်ရေးကုမ္ပဏီ) က နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ငွေသားနှင့် ဆေးဝါးများ စုစုပေါင်းအလှူငွေကျပ် ၅၀၆၀၀၀ ကို ရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

## အထက(၂) တာမွေ (ယခင်တာမွေတန်းမြင့်ကျောင်း) အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

၁၉၅၁ -၂၀၁၁ ခုနှစ်အတွင်း အထက(၂) တာမွေ (ယခင်တာမွေတန်းမြင့်ကျောင်း)တွင် ငါးနှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများနှင့် အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၀ ရက်(အမျိုးသားနေ့)မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းအုန်းတောခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများလှူဒါန်းလိုပါက ဒေါ်ခင်အုန်းမြင့် ဖုန်း-၅၄၂၄၇၀၊ ဒေါ်နီနီစိုး ဖုန်း-၅၄၀၇၃၈၊ ဒေါ်တင်မြင့်ဝင်း ဖုန်း-၅၄၄၉၄၃နှင့် ဦးသန်းနိုင်ဦး ဖုန်း-၀၉-၇၃၀-၄၇၄၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

✰ ကျောဖုံးမှ

**သက်ဆိုင်ရာက မည်သို့ဆောင်ရွက်ပေးမည်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်သင်တန်း တက်ရောက်ရန် သင်တန်းသားအသက် ကန့်သတ်ချက်တွင်(၄၅)နှစ်အထက်ကြီးသူများကို လက်မခံကြောင်း သိရှိရပါသဖြင့် အသက်ကန့်သတ်ချက်ကိုလျှော့ပေါ့စဉ်းစားပေးနိုင်ခြင်း ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ယခုမျက်မှောက်ကာလ၌ ဘွဲ့ပေးရမည့်သူက ရွေးချယ်ချီးမြှောက်ရခြင်းထက် ဘွဲ့တံဆိပ်ချီးမြှင့်ခံယူလိုသည့်ပုဂ္ဂိုလ်များက ကိုယ်တိုင်လျှောက်ထားသည်မှာ အရေအတွက်အားဖြင့် လွန်စွာများပြားပါကြောင်း၊ တစ်နှစ်လျှင် နှစ်စဉ်ဘွဲ့တံဆိပ် လျှောက်ထားသူ (၁၀၀၀)ကျော်ရှိရာ အရေအတွက်များပြားသည့်အတွက် ရွေးချယ်ရာတွင်လည်း အခက်အခဲ များစွာရှိခဲ့ပါကြောင်း၊ ထိုသို့ရွေးချယ်ရာတွင် အထောက်အကူပြုနိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်းများထံဩဝါဒခံယူ၍ ဘွဲ့အမျိုးအစားအလိုက် ဂုဏ်အင်္ဂါအရည်အချင်းများကို အခြေခံအားဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ ဥပမာအားဖြင့် ၂၀၁၀ ပြည့်နှစ်တွင် လျှောက်ထားသူပေါင်း (၁၁၈၁)ဦးရှိသည့် အနက်မှ(၁၄၄)ဦးကိုသာ စိစစ်ရွေးချယ်ဆက်ကပ်ခဲ့ရသည်မှာ ဘွဲ့တံဆိပ်တော်များ၏ တန်ဖိုးမြင့်မားလေးနက်စေရန်အတွက် အရည်အချင်းပြည့်ပြည့်ဝဝဖြင့် အရေအတွက်နည်းနည်းကိုသာ စိစစ်ရွေးချယ်ချီးမြှင့်လိုခြင်းကြောင့် ဖြစ်ပါကြောင်း၊ လျှောက်ထားမှုသည် အကြိမ်အရေအတွက်များသော်လည်း အရည်အချင်းအနှစ်သာရကို ဦးစားပေးစိစစ်ရွေးချယ်ခြင်း ဖြစ်သောကြောင့် ရွေးချယ်အပူဇော်မခံရခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါကြောင်း။

ဘွဲ့လျှောက်ထားသော ဆရာတော်များသည်လည်း ဘွဲ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သာသနာတော်အတွက် ကြိုးပမ်းဆောင်ရွက်နေကြရသောကြောင့် အမြဲတမ်းကုသိုလ်တရားများ ပွားများရရှိနေမည်သာ ဖြစ်ပါကြောင်း၊ သာသနာတော်ကိုချီးမြှောက်သည့်အနေဖြင့် ဘုရားရှင်ကိုယ်စား သာသနာတော်မြတ်ကြီးအား စောင့်ရှောက်လျက်ရှိသည့် ရဟန်းသံဃာတော်မြတ်များအား ဘွဲ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသော ပစ္စည်း(၄)ပါးဖြင့် ထောက်ပံ့လှူဒါန်း ကုသိုလ်ယူမည်ဆိုပါက သာသနာတော်ကြီးလည်း အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ခိုင်မြဲလိမ့်မည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာအရပ်ရပ်သို့ ဓမ္မအလှူဖြန့်ဝေပေးရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်သောကြောင့် ပြည်ပမှပုဂ္ဂိုလ်များကိုသာ ဦးစားပေးရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်ပသင်တန်းသားများ ပြည့်စုံလုံလောက်မှုမရှိသောအခါတွင် ပြည်တွင်းမှ အရည်အချင်းကန့်သတ်ချက်ပြည့်မီသူများကို ပြည်ပသာသနာပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် သင်တန်းသားများအဖြစ် ဖြည့်စွက်တက်ရောက်သင်ကြားစေခဲ့ခြင်းဖြစ်ပါကြောင်း၊ သင်တန်းသားဘွဲ့တံဆိပ်အောင်လက်မှတ်ရယူလိုသည့် ပုဂ္ဂိုလ်များသည် သတ်မှတ်ပေးထားသည့်အရည်အချင်းနှင့် ကိုက်ညီပါက သင်တန်းသားများအဖြစ် လက်ခံပေးမည်ဖြစ်ပါကြောင်း။

**ဘွဲ့အတွက် အဓိကရည်ရွယ်ချက်မထားဘဲ ပြည်ပမှဓမ္မမိတ်ဆွေများအားတရားဆွေးနွေးပြသလိုသော ရည်ရွယ်ချက်ဖြင့် တက်ရောက်မည်ဆိုပါက ခွင့်ပြုနိုင်သောနေရာပေါ်တွင်မူတည်၍ (၄/၅)ဦးခန့် အလွတ်သဘောပညာလာရောက်ဆည်းပူးမည်ဆိုလျှင် ခွင့်ပြုပေးနိုင်သည့်အခြေအနေရှိနိုင်ပါကြောင်း၊ ထို့ပြင် ဗုဒ္ဓဘာသာတရားတော်များကို သိရှိနားလည်တတ်ကျွမ်းလိုပါက ရန်ကုန်မြို့ ကမ္ဘာအေးဝင်းအတွင်း ဖွင့်လှစ်ထားသော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်း၊ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချသော အဘိဓမ္မာသင်တန်း၊ ရွှေတိဂုံစေတီတော်ခြေရင်းတွင် မင်္ဂလာဗျူဟာကဖွင့်လှစ်သော ပါဠိ-မြန်မာအဘိဓမ္မာသင်တန်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းက ဖွင့်လှစ်သော အဘိဓမ္မာသင်တန်းများ အပြင် အခြားသောဗုဒ္ဓဝါဒနည်းလမ်းတကျ သင်တန်းအမြောက်အမြားရှိပါကြောင်း၊ ထိုသင်တန်းများကို အယုတ်အလတ်အမြတ်မရွေး၊ အသက်ကြီးငယ်အပိုင်းအခြားမရှိ တက်ရောက်သင်ကြားလေ့လာဆည်းပူးနိုင်ပါကြောင်း၊ သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် တက်ရောက်သင်ကြားနိုင်သည့် အခွင့်အရေးများမရရှိသဖြင့် စိတ်ပျက်အားငယ်မနေဘဲ ဖော်ပြပါ ဗုဒ္ဓဘာသာသင်တန်းများကို သက်ဆိုင်တက်ရောက်ပြီး ကုသိုလ်တရားများ ပွားများအားထုတ် ဓမ္မဒါနပြုနိုင်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။



ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဆွေဝင်း မေးမြန်းစဉ်။

(သတင်းစဉ်)



ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် မေးမြန်းစဉ်။

(သတင်းစဉ်)



ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး ဆွေးနွေးစဉ်။

(သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက လယ်ယာ/ဆည်မြောင်းကဏ္ဍဆိုင်ရာ မေးခွန်း(၆)ခုကို မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးညဏ်ဆွေဝင်း၏ **ဈေးငွေအပေါ် မှီခိုမှုသံသရာဖြစ်ပေါ်မှုမရှိစေရန် လယ်သမားများ၏ လယ်ယာစီးပွားစီမံခန့်ခွဲမှုစွမ်းရည်တိုးတက်စေမည့်အစီအမံများဖြင့် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်သမားများအနေဖြင့် ချေးငွေအပေါ်မှီခိုမှုသံသရာမှ ကင်းလွတ်ရန်အတွက် လယ်ယာစီးပွားစီမံခန့်ခွဲမှုစွမ်းရည် တိုးတက်စေရေး လုပ်ငန်းအပေါ် တစ်နိုင်ငံလုံးပျံ့နှံ့အကောင်အထည်ဖော်နိုင်ရန်အတွက် ဒေသလိုက်အခြေအနေနှင့် ကိုက်ညီစွာ အာဏာပိုင်အဖွဲ့အစည်းများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအပါအဝင် အသင်းအဖွဲ့ များအနေဖြင့် တောင်သူလယ်သမားများ အားစည်းရုံးပညာပေးခြင်းနည်းလမ်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ထိန်းကျောင်းတည့် မတ်ပေးခြင်းနည်းလမ်းများဖြင့် ကြပ်မတ် ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါ ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကသော့ချက် လုပ်ငန်းစဉ်ကြီး(၅)ရပ် ဖြစ်သည့် အထွက်ကောင်း မျိုးကောင်းမျိုး သန့်မျိုးစေ့များ အသုံးပြုရမည်၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုရမည်၊ စိုက်ပျိုးရေအပါအဝင် သွင်းအားစု၊ ဓာတ်မြေဩဇာ၊ သဘာဝဓာတ်မြေဩဇာများကို အချိန်ကိုက်၊ အချိုးကျအသုံးပြုရမည်၊ မျိုးစေ့သုံးစွဲခြင်း၊ သွင်းအားစုသုံးစွဲခြင်း၊ လုပ်အားခအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်၊ ဆုံးရှုံးမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ရောင်းဝယ်လွှဲပြောင်းမှုကုန်ကျစရိတ်များ လျှော့နည်းသက်သာအောင် ဆောင်ရွက်ပေးရမည်၊ ထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရရှိပြီး ခိုင်မာသောဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးရမည်စသည်တို့ကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်(၅)ရပ်ကို တောင်သူလယ်သမားများ လက်တွေ့လိုက်နာဆောင်ရွက်ရန် အကောင်အထည်ဖော်ပေးနိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ၏ အကြွေးသံသရာမှ လွတ်မြောက်စေရေးကို လက်တွေ့ဖော်ဆောင်နိုင်မည့်အပြင် ကျေးရွာတစ်ခုလုံး၊ မြို့နယ်တစ်ခုလုံးအဆင့်ထိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းများလည်း အကောင်အထည်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လက်ရှိဖွဲ့စည်းထူထောင်ပေးထားသော သုတေသနခြံများ၊ မျိုးစေ့ထုတ်ခြံများ၊ စိုက်ပျိုးရေးသင်တန်းကျောင်းများအားအခြေခံ၍ နိုင်ငံနှင့်အဝန်း တောင်သူပညာပေးစံပြစိုက်ကွင်းကြီးများ ထူထောင်ပြီး တောင်သူလယ်သမားများနှင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး အကောင်အထည်ဖော်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့သော ပညာပေးလုပ်ငန်းများကို မီဒီယာနည်းလမ်းများဖြင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များတွင်လည်းကောင်း၊ လယ်ယာစီးပွားနှင့် ဒို့ကျေးရွာဂျာနယ်များဖြင့်လည်းကောင်း တောင်သူများလက်ဝယ်သို့ ပျံ့နှံ့ရောက်ရှိစေရေးအတွက် ပညာပေးနည်းလမ်းများ ကျယ်ပြန့်စွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**လယ်ယာများအား ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျရေသွင်း၊ ရေထုတ်သည့်စနစ်များ တည်ထောင်ပေးခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဖော်ဆောင်ပေးပြီး တစ်ဧကအထွက်နှုန်း တိုးတက်စေနိုင်မည့် အထူးအထွက်တိုး မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ သီးနှံများအထွက်တိုးရန် သွင်းအားစုဓာတ်မြေဩဇာလိုအပ်ချက်ကို လုံလောက်စွာအသုံးပြုနိုင်ရေးဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကငွေကြေးအရင်းအနှီးတတ်နိုင်သူများ အခန်းကဏ္ဍအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ရင်းနှီးမြှုပ်နှံလာရေးအတွက် အားပေးဆောင်ရွက်ခြင်းများကို ဟန်ချက်ညီစွာဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ပေးနိုင်မှသာလျှင် တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး အကြွေးသံသရာမှ လက်တွေ့လွတ်မြောက်စေနိုင်မည်ဖြစ်ပါကြောင်း၊ မရှင်းလင်းသောအချက်များရှိပါက ဝန်ကြီးဌာနမှပညာရှင်များဖြင့် တစ်ဦးချင်းတွေ့ဆုံဆွေးနွေးရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း**နှင့် သီးသန့်ဆွေးနွေးလိုကြသည့် ပုဂ္ဂိုလ်များအားလည်း ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **စိုက်စရိတ်ထုတ်ချေးရာတွင် လယ်(၁၀)ဧကအထက် လုပ်ကိုင်သူများကို စိုက်ဧကပြည့် ငွေချေးငှားပေးရန်အစီအစဉ်ရှိ/မရှိနှင့် လယ်သမားများ၏ အမတော်ကြေးမှ စုဆောင်းငွေများမှာ ဆယ်စုနှစ်(၂)စု စာမျှရှိနေပြီဖြစ်ရာ အဆိုပါစုဆောင်းငွေများကို သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးသွားသောသီးနှံစိုက်ခင်းများအချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် အရေးပေါ် ရန်ပုံငွေအဖြစ်သီးသန့်ထားရှိရန်အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးစရိတ်ငွေအရင်းအနှီးမတည်ရန် အခက်အခဲရှိနိုင်သော လုပ်ကွက်ငယ်(၁၀)ဧကအောက် တောင်သူလယ်သမားများအားဦးစားပေး၍ စိုက်စရိတ်ငွေအဖြစ်ထုတ်ချေးပေးခြင်းဖြစ်ပါကြောင်း၊ ငွေကြေးတတ်နိုင်သည့် (၁၀)ဧကအထက် လယ်သူကြွယ်များကိုမူ စိုက်စရိတ်ငွေထုတ်ချေးပေးရန် အစီအစဉ်မရှိပါကြောင်း။

လယ်သမားများ၏တစ်ဦးချင်း စုဆောင်းငွေနှင့်ပတ်သက်၍ ၁၂-၉-၂၀၁၁ ရက်အထိ ငွေစုစာရင်းဖွင့်သည့် တောင်သူဦးရေ စုစုပေါင်း ၃၀၂၄၀၀၀ ရှိပြီး စုဆောင်းအပ်နှံငွေပေါင်း ကျပ်သန်းပေါင်း ၆၃၅၈၅ ဒသမ ၆၃ ရှိပါကြောင်း၊ တောင်သူတစ်ဦးချင်းပျမ်းမျှစုဆောင်းနိုင်မှုမှာ ပျမ်းမျှ ၂၁၀၂၇ ကျပ်မျှသာရှိပါကြောင်း၊ ၎င်းငွေများသည် တောင်သူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်စုဆောင်းငွေများဖြစ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က သတ်မှတ်ထားသည့်အတိုးနှုန်းထားဖြင့် အတိုးငွေများပေးနေရသကဲ့သို့ တောင်သူများတစ်ဦးချင်း၏အပ်နှံငွေများ ပြန်လည်ထုတ်ယူလိုကြပါကလည်း ဘဏ်စနစ်အတိုင်း အပြည့်အဝချက်ချင်းပြန်လည်ထုတ်ပေးရသည့် စုဆောင်းငွေများဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မိုး၊ ဆောင်း၊ မိုးကြို ချေးငွေများအတွက် ငွေကျပ်သန်း ၃၇၇၇၉၁ ဒသမ ၆၄ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိရာ တောင်သူစုဆောင်းငွေများအပေါ် ပြန်လည်၍ အဆင်ပြေစွာ အတိုးတွက်ပေးနိုင်ရန်အတွက် ၎င်းစုဆောင်းငွေများကိုပါ နှစ်ချင်းဆပ် ချေးငွေတွင်ထည့်သွင်း လည်ပတ်ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ တောင်သူတစ်ဦးချင်း၏စုဆောင်းငွေများ ဖြစ်သည့်အတွက် ဆုံးရှုံးမှုမရှိစေဘဲ အပ်ငွေအပေါ်အတိုးပေးပြီး ထိန်းသိမ်းရသည့် ငွေကြေးဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စွာဖြင့် ပုံမှန်လယ်ယာစိုက်ပျိုးစရိတ်အဖြစ် နှစ်ချင်းဆပ်ငွေများတွင်သာ လှည့်ပတ်သုံးစွဲလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ လယ်သမားများ၏ စုဆောင်းငွေများကို သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးသွားသည့်သီးနှံစိုက်ခင်းများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် အရေးပေါ် ရန်ပုံငွေအဖြစ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အရေးပေါ်ရန်ပုံငွေသီးသန့်ထားရှိဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းဖြင့် ဖြေကြားသည်။

သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **(၁၀)ဧကအထက် လယ်များကိုချေးငွေထုတ်ချေးခွင့်မရသည့်အတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေများထုတ်ချေးရာတွင် အမှန်တကယ်ပိုင်ဆိုင်စိုက်ပျိုးလုပ်ကိုင်သော လယ်ဧကအတိုင်းထုတ်ချေးပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်များထုတ်ချေးပေးခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်၏မူလစေတနာသည် အရင်းအနှီးနည်းပါးသူ တောင်သူလယ်သမားများကို ပံ့ပိုးကူညီပေးနိုင်ရန်ဖြစ်ပါကြောင်း၊ (၁၀)ဧကအထက် ပိုင်ဆိုင်သူများသည် အရင်းအနှီးရှိသူများဖြစ်သည့်အပြင် နောင်တွင်ပြဋ္ဌာန်းတော့မည့် လယ်ယာမြေ ဥပဒေအရ မိမိပိုင်လယ်များအနက်မှလိုအပ်လျှင် ပေါင်နှံခြင်း၊ ရောင်းချခြင်းဖြင့်လည်းအရင်းအနှီးကို ရှာဖွေနိုင်မည့်အခြေအနေတစ်ရပ် ဖြစ်ပေါ်လာတော့မည် ဖြစ်ပါကြောင်း။

**တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်များထုတ်ချေးရာတွင် စိုက်ပျိုးစရိတ်ငွေအရင်းအနှီးမတည်ရန် အခက်အခဲရှိနိုင်သော လုပ်ကွက်ငယ်တောင်သူလယ်သမားများကို ဦးစားပေး၍(၁၀)ဧကနှင့် အောက်ကိုသာ ထုတ်ချေးပေးပြီး အရင်းအနှီးတတ်နိုင်သော၊ အရင်းအနှီးရှာဖွေနိုင်သော (၁၀)ဧကအထက် တောင်သူများကိုထုတ်ချေးပေးရန်အစီအစဉ်မရှိပါကြောင်း၊** နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုကိုရှေးရှုပြီး ချေးငွေများကို စနစ်တကျထုတ်ချေးပေးလျက်ရှိရာ ယင်းချေးငွေများကို သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် ထိထိရောက်ရောက်နှင့်အကျိုးရှိစွာအသုံးပြုစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ၏ **စာချုပ်စာတမ်းမှတ်ပုံတင်ကြေး တစ်ပြေးညီမရှိခြင်းသည် ပြည်သူများ မျှတစွာမခံစားရသည့်သဘောသက်ရောက်နေပါကြောင်း၊ ပြည်သူလူထု သိသာမြင်လွယ်အောင် စာချုပ်စာတမ်းမှတ်ပုံတင်ကြေးများကို စာချုပ်စာတမ်းမှတ်ပုံတင်ပြုလုပ်သောရုံးများတွင် အသိပေးကြော်ငြာကပ်ထားရန်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တည်ဆဲစာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၇၈ အရ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းတွင် ပေးဆောင်ရသည့်အခကြေးငွေများကို နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ထားရှိရန် ပြဋ္ဌာန်းထားရှိပါကြောင်း၊ စာချုပ်စာတမ်းအမျိုးအစားတစ်ခုချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် ထမ်းဆောင်ရမည့် စာချုပ်စာတမ်းမှတ်ပုံတင်အခကြေးငွေစာရင်းကို ယနေ့အချိန်အထိ ပြင်ဆင်ပြောင်းလဲခြင်းမရှိသေးဘဲ နိုင်ငံတစ်ဝန်းလုံး၌ တစ်ပြေးညီသတ်မှတ်ထားရှိပါကြောင်းနှင့် စာချုပ်စာတမ်းအမျိုးအစားမတူသဖြင့် ထမ်းဆောင်ပေးသွင်းရသည့်မှတ်ပုံတင်ခကွာခြားရခြင်းဖြစ်ပါကြောင်း။

အဆိုပါ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၇၉ တွင် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းအတွက် ပေးဆောင်ရမည့်အခကြေးငွေများကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအားလုံး၌ လူအများမြင်နိုင်အောင် ထားရှိရမည်ဟူ၍ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း၊ **စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအားလုံး၌ စာချုပ်စာတမ်း မှတ်ပုံတင်အခကြေးငွေများကို ပြည်သူလူထုသိသာမြင်လွယ်အောင် အသိပေးကြော်ငြာထားရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ပြည်သူများ၏ရပိုင်ခွင့်နှင့် အကျိုးစီးပွားများမဆုံးရှုံးစေရေး၊ ရသင့်ရထိုက်သော အခွင့်အရေးများရရှိစေရေး၊ လိမ်လည်ချုပ်ဆိုမှုမဖြစ်စေရေးဟူသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၏ ရည်ရွယ်ချက်များအရ အများပြည်သူအကျိုးစီးပွားအတွက်**



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။

(သတင်းစဉ်)

**တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ယခုထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ရေးအတွက် ပိုမို၍ထိရောက်ကောင်းမွန်သောနည်းလမ်းများကိုအသုံးပြုကာ အသိပေးကြော်ငြာခြင်းလုပ်ငန်းများကို တိုးချဲ့စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင်၏ **မတ္တရာမြို့နယ်ရှိ အထက်ဆည်တော်ကြီးတမံစီမံကိန်းအား ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆည်တော်ကြီးရေကူစီမံကိန်းကို ဆည်မြောင်းဦးစီးဌာနက ၂၀၀၆-၂၀၀၇ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ တမံသို့ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း၊ စခန်းအဆောက်အအုံများဆောက်လုပ်ခြင်း၊ ပင်မတမံအူကြောင်းနေရာ ရှင်းလင်းခြင်း၊ တမံအောက်ခံဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းစသော အင်ဂျင်နီယာပိုင်းဆိုင်ရာအကြိုတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မူလလုပ်ငန်းအစီအမံအရ ရေလှောင်တမံတည်ဆောက်ခြင်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်ရန်ဖြစ်ပြီး ရေအားလျှပ်စစ်တည်ဆောက်ခြင်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

၂၀၀၉ ခုနှစ် ဇူလိုင်တွင် ထူးထရေးဒင်းကုမ္ပဏီက ဆည်တော်ကြီးရေကူတမံ၏ ရေအားလျှပ်စစ် တည်ဆောက်မှုလုပ်ငန်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ရေလှောင်တမံတည်ဆောက်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းခဲ့ပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ၂၀၀၉ခုနှစ်တွင် ဘဏ္ဍာငွေအကန့်အသတ်ခွင့်မပြုပေးနိုင်ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှုအားလုံးကို ရပ်နားထားရှိခဲ့ပါကြောင်း။

**ယခုအခါ နိုင်ငံတော်အစိုးရအဖွဲ့က ဆည်တော်ကြီးရေကူတမံစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စူးစမ်းလေ့လာရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများရှာဖွေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ညွှန်ကြားထားသဖြင့် အမှန်တကယ်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံလိုသူများအား ကမ်းလှမ်းရှာဖွေလျက်ရှိပါကြောင်း၊ ဆည်တော်ကြီး ရေကူတမံစီမံကိန်းသည် နိုင်ငံတော်နှင့်ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းဖြစ်သော်လည်း လက်ရှိနိုင်ငံတော်၏ ဘဏ္ဍာငွေဦးစားပေးခွင့်ပြုပေးနိုင်မည့်အခြေအနေမရှိသေးပါကြောင်းနှင့် ဘဏ္ဍာငွေ ခွင့်ပြုလျာထားပေးနိုင်သည့်ကာလတွင် လုပ်ငန်းများဆက်လက်တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း**ဖြင့်ဖြေကြားသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသော ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၅ ခုနှစ် ဇန်နဝါရီမှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ ခုနှစ် နိုဝင်ဘာတွင် လုပ်ငန်းများရပ်နားခဲ့ပါကြောင်း၊ သို့ဖြစ်၍ ကျိုင်းခမ်း ရေလှောင်တမံစီမံကိန်းကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်းရှိ ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၅- ၂၀၀၆ခုနှစ်မှစတင်၍ အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာလုပ်ငန်းများဖြစ်သော ဘူမိဗေဒဆိုင်ရာမြေပုံပြုစုခြင်း၊ အောက်ခံကျောက်သားအခြေအနေအပေါ်မူတည်၍ တမံနှင့်ဆက်နွယ်ရေအားအဆောက်အအုံများ၏ ဒီဇိုင်းပုံစံများရေးဆွဲခြင်း၊ တမံအူကြောင်းတစ်လျှောက် တမံအုတ်မြစ်ပြုပြင်ခြင်း လုပ်ငန်းများဖြစ်သော ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ တမံတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ စီမံကိန်းတစ်ခုလုံး၏ ၁၃ ဒသမ ၀၅ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား (၃)မဂ္ဂါဝပ် နှစ်လုံး စုစုပေါင်း(၆)မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှထုတ်လွှတ်မည့် လျှပ်စစ်စွမ်းအား(၂၁)ကီလိုဝပ်နာရီသန်းပေါင်း ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိတ္ထီလာလွင်ပြင်အတွင်းရှိ ဆည်ရေသောက်ဧရိယာ ဧက(၃၃၀၀၀)ခန့်၏ စိုက်ပျိုးရေ လိုအပ်ချက်ကို ပါဝင်ဖြည့်ဆည်း၍ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ **ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံကာ ဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေ ခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်တွင်မူတည်ပြီး ဦးစားပေးအလိုက်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

## ❍ အမျိုးသားလွှတ်တော်မှ

သစ်တောသယံဇာတအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အမျိုးသားစီမံကိန်းဘောင်အတွင်းတွင် (၅)နှစ်စီမံကိန်းများဖြင့် နှစ်စဉ်ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး သစ်တောပြုစုစိုက်ပျိုးမှုကိုအခြေခံသည့် ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ သစ်တောသယံဇာတအရင်းအမြစ်များလျော့ပါးမှုမှာ လက်ရှိ (၄၇) ရာခိုင်နှုန်းအထိ ရောက်ရှိနေပြီဖြစ်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို ထိရောက်စွာ အလေးထားဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသည့် သဘာဝသစ်တောများအတွက် သစ်တောစိုက်ခင်းများ ပြန်လည်စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝတောများ အဆင့်အတန်းမြှင့်တင်ရေးအတွက် အဖိုးတန်သစ်မျိုးများဖြင့် အစားထိုးစိုက်ပျိုးသည့် သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်ရည်မှန်းချက်များ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြုန်းတီးသွားသော သစ်တောမြေများတွင် သစ်တောစိုက်ခင်းများကို တည်ထောင် ဆောင်ရွက်ရာတွင် နိုင်ငံပိုင်သာမက ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများကို ၂၀၀၅ ခုနှစ်မှစ၍ တည်ထောင်ခွင့်ပြုလျက်ရှိရာ ၂၀၁၁ ခုနှစ်အထိ ပုဂ္ဂလိကကျွန်းစိုက်ခင်း ၁၆၇၅၅၁ ဧကနှင့် သစ်မာစိုက်ခင်း ၈၈၇၈၉ ဧက ခွင့်ပြုစိုက်ပျိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁ မိုးရာသီကုန်အထိ သစ်တောစိုက်ခင်း အမျိုးအစား လေးမျိုး ၈၁၃၇၁ ဧက အပါအဝင် အပင်ပေါင်း ၅၇ ဒသမ ၈ သန်းကျော် စိုက်ပျိုးပြီးဖြစ်ပါကြောင်း။

ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း (Natural Regeneration)သည် ကုန်ကျစရိတ်နည်းနည်းဖြင့် သဘာဝတောများ ရှင်သန်ကောင်းမွန်စေရန်ဆောင်ရွက်သည့် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် အဓိကလုပ်ငန်းတစ်ရပ်အဖြစ်သတ်မှတ်၍ ၁၉၈၈-၁၉၈၉ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ၇၁၅၄၉၂ ဧက ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင်လည်း ၄၅၈၄၉ ဧက ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် နိုင်ငံအလယ်ပိုင်း ၅၇ မြို့နယ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၁၉၉၇-၁၉၉၈ မှ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ စိုက်ခင်းစုစုပေါင်းဧက ၃ ဒသမ ၅ သိန်းခန့် စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီး ဒေသစိမ်းလန်းစိုပြည်ရေးအား အထောက်အကူဖြစ်စေရန်အတွက် သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်းဧရိယာဧက ၁ ဒသမ ၇ သန်းအား ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုအခါ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ငန်းကဏ္ဍ(၈)ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို ကဏ္ဍတစ်ခုအဖြစ် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားငွေရရှိရန်အတွက် သစ်ထုတ်လုပ်ခြင်း၊ ထင်း၊ မီးသွေး၊ လောင်စာထုတ်လုပ်ခြင်းများကို သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်း (Management Plan) အပေါ်အခြေခံပြီး နှစ်စဉ်လျာထားချက်များသတ်မှတ်၍ ခွင့်ပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် ထင်း၊ မီးသွေး ထုတ်လုပ်မှုတွင် သစ်တောများအပေါ် မှီခိုနေရသည့် ဒေသခံပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်အပေါ် အခြေခံပြီး ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်များ၊ စိုက်ခင်းနှင့် ရေဝပ်အပြောင်ရှင်း ဧရိယာများမှ ထုတ်လုပ်ခွင့်ပြုလျက်ရှိပါကြောင်း၊ သို့သော် ဒေသအတွင်းလိုအပ်ချက် အပေါ်မူတည်ပြီး ခွင့်ပြုထားသည့်ပမာဏထက် ပိုမိုထုတ်ယူသုံးစွဲမှုများကို စိစစ်တွေ့ရှိရသည့်အတွက် စနစ်တကျသုံးစွဲရေးနှင့် သစ်တောပြုန်းတီးမှု ကာကွယ်ရေးကို ဝန်ကြီးဌာနက သာမက ဒေသအုပ်ချုပ်ရေးအဖွဲ့များကပါ ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ကျေးလက်နေ ပြည်သူများ၏ ထင်းလောင်စာ၊ နေအိမ်သုံး၊ လယ်ယာလုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံး သစ်တောထွက်ပစ္စည်းများဖြည့်ဆည်းရေး၊ သဘာဝတောများအပေါ် မှီခိုမှုလျော့နည်းသွားစေရေး၊ မိမိတို့နေအိမ်၊ ကျေးရွာဝန်းကျင်မှကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်၏ အစီအမံဖြင့် စံပြကျေးလက်အိမ်ရာ သစ်တောစိုက်ခင်း ထူထောင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ တစ်အိမ်ထောင်လျှင် ကျွန်း (၃)ပင်၊ သစ်မာ အပင် (၂၀) နှင့် တစ်ရွာတစ်ဧက ကျေးရွာပိုင် ထင်းစိုက်ခင်းများကို ၂၀၀၈-၂၀၀၉ ခုနှစ်မှစ၍ သစ်တောဦးစီးဌာနက လိုအပ်သည့် ပျိုးပင်နှင့် နည်းပညာပံ့ပိုးကူညီကြီးကြပ်ပြီး ကျေးလက်ပြည်သူများ၏လုပ်အားဖြင့် နှစ်စဉ် စိုက်ပျိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ စံပြကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းများ အောင်မြင်တိုးတက်ဖြစ်ထွန်းမှု အတိုင်းအတာတစ်ခုသို့ ရောက်ရှိလာသည်နှင့်အမျှ ထင်း၊ မီးသွေးထုတ်လုပ်သုံးစွဲမှုများကို ထိန်းညှိဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။**



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း မေးမြန်းစဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် မေးမြန်းစဉ်။ (သတင်းစဉ်)



အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားသစ်တော မူဝါဒအရ ဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသော သစ်တောမြေပမာဏကို နိုင်ငံတော်ဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိ ဖွဲ့စည်းရန် ရည်မှန်းချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိ ၂၄ ဒသမ ၀၆ ရာခိုင်နှုန်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ နယ်မြေအေးချမ်းမှုနှင့် ဝန်ထမ်းများ ကြီးကြပ်အုပ်ချုပ်နိုင်မှုအပေါ် မူတည်ပြီး နယ်စပ်ဒေသများတွင်ပါ သစ်တောကြိုးဝိုင်းများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

ချမှတ်ပြဋ္ဌာန်းထားသည့် သစ်တောမူဝါဒများအပေါ် အခြေခံပြီး ဒေသခံပြည်သူများ၏ စားဝတ်နေရေး အခြေခံ လိုအပ်ချက်ဖြည့်ဆည်းပေးရေးနှင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော)နှင့် သစ်တောဖုံးလွှမ်း လျက်ရှိသော အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေဘဲ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့် ရော်ဘာ၊ စားအုန်းဆီစသည့် နှစ်ရှည်ပင်များကို စိစစ်ဆောင်ရွက်ခွင့်ပြုလျက်ရှိပါကြောင်း၊ သို့ရာတွင် သဘာဝပတ်ဝန်းကျင်တိုးတက်ကောင်းမွန်မှုကို အထောက်အကူမပြုသည့် နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းများကို တိုက်ရိုက်ခွင့်ပြုပေးခြင်းမရှိကြောင်း။

နှစ်ရှည်ပင် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိသူများအနေဖြင့် သတ်မှတ်ထားသည့် သစ်ပင်များ စိုက်ပျိုးခြင်းထက် လုပ်ကိုင်ခွင့်ရရှိသည့် ဧရိယာအတွင်းမှ သစ်ပင်များခုတ်ယူသုံးစွဲရေးကိုသာ အားထားနေမှုများ လျော့နည်းစေရေးအတွက် မူလခွင့်ပြုစဉ်ကပင် တောနိမ့်၊ တောပျက်များ၊ သစ်ပင်ကျဲပါးသည့် မြေများကိုသာ ဦးစားပေးခွင့်ပြုလျက်ရှိပြီး နှစ်အလိုက်စိုက်ပျိုးမည့်စီမံချက်များ စနစ်တကျရေးဆွဲခြင်း၊ နှစ်အလိုက် စိုက်ပျိုးသည့် မြေကိုသာ ရှင်းလင်းခွင့်ပြုခြင်းတို့ကို စည်းကမ်းချက်များဖြင့် အတိအကျသတ်မှတ်ပြဋ္ဌာန်းပေးပြီး တိကျစွာလိုက်နာဆောင်ရွက်စေရေးအတွက် အလေးထား စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သစ်တောမြေများအား စိုက်ပျိုးမြေအဖြစ်ပြောင်းလဲအသုံးချခွင့်မပြုရေးအတွက်လည်း အကြီးအကဲများထံ လိုအပ်သည့်အခါ တင်ပြခြင်း၊သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း။

**သစ်တောသစ်ပင်များသည် လက်ရှိကာလတွင် ကမ္ဘာနှင့်အဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုတို့၏ အဓိကအကြောင်းအရင်းဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုအပါအဝင် ဖန်လုံအိမ်အာနိသင် (Green House Gas- GHGs) လျော့နည်းရေးကို များစွာအထောက်အကူပြုနေပါကြောင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation-REDD) လုပ်ငန်းများကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်နိုင်ရေးအတွက် လည်း အလုပ်ရုံဆွေးနွေးပွဲများ၊ သတင်းစာများ၊ ဟောပြောပို့ချမှုများ ဆောင်ရွက်ပြီး စည်းရုံးလျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ ပီပြင်စွာ ဆောင်ရွက်နိုင်ပါက သဘာဝသစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးကို တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာပါက သစ်ထုတ်လုပ်မှုများကိုလည်း တဖြည်းဖြည်း လျှော့ချနိုင်မှာဖြစ်ပါကြောင်း။**

သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများရရှိရေး၊ သစ်တောပြုန်းတီးမှုမရှိစေရေးနှင့် သဘာဝဘေးအန္တရာယ်လျော့နည်းစေရေးတို့အတွက် နိုင်ငံတော်အတွင်းရှိ သစ်တောသယံဇာတအရင်းအမြစ်များကို အရှိန်အဟုန်မပျက် ထိန်းသိမ်းကာကွယ်ရေး၊ ပိုမိုတိုးတက်ကောင်းမွန်ရေးများကို မိမိဝန်ကြီးဌာနက သာမက ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ဒေသခံပြည်သူများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **“ချင်းပြည်နယ်တစ်ဝန်းအများအပြား ပေါက်ရောက်နေသော ထင်းရှူးပင်များမှ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးတည့်သည့်ထင်းရှူးဆီကို ပြန်လည်ထုတ်လုပ်ရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာနသည် ချင်းပြည်နယ်အတွင်း ၁၉၈၁-၁၉၈၂ ခုနှစ်မှ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ထင်းရှူးစိုက်ခင်းဧက ၉၁၀၀ ကို စိုက်ပျိုးတည်ထောင်ခဲ့ပြီး သစ်တောသယံဇာတ စာရင်းကောက်ယူမှုအရ စိုက်ခင်းများနှင့် သဘာဝတောများတွင် ပေါက်ရောက်မှုသည် လုံးပတ်(၂)ပေအထက်ပင်ရေ ၅ ဒသမ ၉ သန်းခန့်ရှိပါကြောင်း၊ သစ်တော ဥပဒေအရ ထင်းရှူးပင်သည် တားမြစ်သစ်ပင်ဖြစ်ရာ ချင်းပြည်နယ်တွင်လည်း ပျက်စီးထိခိုက်မှုမဖြစ်ပေါ်စေရေး ထိန်းသိမ်းကာကွယ်လျက်ရှိပါကြောင်း။

ထင်းရှူးပင်များအနက် လုံးပတ် (၅)ပေနှင့်အထက် အရွယ်ပင်များမှ ထင်းရှူးဆီထုတ်လုပ်ခြင်းကို သစ်ပင်များ ထိခိုက်သေကျေမှုမရှိစေရန် သစ်တောဦးစီးဌာနမှ သုတေသနပြုလုပ်၍ U - BARI K နည်းစနစ်ဖြင့်ထုတ်ယူရန် နည်းစနစ်ကို ချမှတ်ကျင့်သုံးလျက်ရှိပါကြောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းအား ထင်းရှူးဆီပိဿာ တစ်သိန်းငါးသောင်း ထုတ်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ထင်းရှူးဆီထုတ်လုပ်မှုအား စီးပွားရေးအရ တွက်ခြေကိုက်မှုနှင့် ရေရှည်ထုတ်လုပ်ရရှိနိုင်စေရေးအတွက် အပင်တည်ရှိမှုနှင့် ထွက်ရှိနိုင်မှုတို့ကို စနစ်တကျစိစစ်တွက်ချက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ ပြောင်းလဲတိုးတက်လာသည့် ထုတ်လုပ်မှုနည်းပညာများအသုံးပြုပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နေပါကြောင်း။



ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦး စိုး ဝင်း မေး မြန်း ချက်များကို ပြန်လည် ဖြေကြား စဉ်။ (သတင်းစဉ်)

**နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမှုရရှိစေမည့် လုပ်ငန်းဖြစ်ကာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိနိုင်ခြင်းကြောင့် ဒေသဖွံ့ဖြိုးရေး တိုးတက်စေမည်ဖြစ်၍ ပြည်ပရင်းနှီးမြှုပ်နှံမှု အခြေအနေပေးပါက ထင်းရှူးဆီထုတ်လုပ်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။**

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ပြန်ကြားရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **“ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန်အတွက် မြန်မာ့ရုပ်မြင်သံကြားမှ တင်ဆက်ပြသမှုများကို သုံးသပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ **ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် အစီအစဉ်များထုတ်လွှင့်ရာတွင် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဟူသော ရည်ရွယ်ချက် (၃)ရပ်ကို အခြေခံပြီး နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒသဘောထားများ၊ အမျိုးသားရေးရည်မှန်းချက်တာဝန်များနှင့်အညီ မီဒီယာလုပ်ငန်းများကို ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊** MRTV ထုတ်လွှင့်မှုအပိုင်းကိုကြည့်လျှင် စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ တစ်ကြိမ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီအထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ တစ်ကြိမ် စုစုပေါင်းထုတ်လွှင့်ချိန် ၈ နာရီ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ပြည်တွင်းရှိ နိုင်ငံတကာပရိသတ်များအတွက် Myanmar International Channel (အင်္ဂလိပ်)ကို နေ့စဉ်နံနက် ၉ နာရီမှ ၁၁ နာရီအထိ ထည့်သွင်းထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထုတ်လွှင့်မှုများတွင် ပြန်ကြားရေးကဏ္ဍ(၃၀)ရာခိုင်နှုန်း၊ ပညာပေးကဏ္ဍ(၃၀)ရာခိုင်နှုန်းနှင့် ဖျော်ဖြေရေးကဏ္ဍ (၄၀)ရာခိုင်နှုန်း လျာထားသတ်မှတ်၍ အစီအစဉ်ရေးဆွဲ ထုတ်လွှင့်ပေးနေခြင်းဖြစ်ပါကြောင်း။

MRTV က အစီအစဉ်များ ပုံမှန်ထုတ်လွှင့်ပေးနိုင်ရေးအတွက် စတူဒီယိုအတွင်း အစီအစဉ်များ၊ ပြင်ပအစီအစဉ်များ၊ နိုင်ငံခြားနှင့် ပြည်တွင်းဇာတ်လမ်းများကို မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အမျိုးသားရေးလက္ခဏာများနှင့် ကိုက်ညီမှုရှိအောင် ပြင်ဆင်တည်းဖြတ်ရိုက်ကူးထုတ်လုပ်ပြီး ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ပုဂ္ဂလိကမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ၎င်းတို့ကို သတ်မှတ်မူဝါဒများနှင့်အညီ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

✳ စာမျက်နှာ ၅ မှ

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် စက်တင်ဘာ(၃၀)ရက်က တင်သွင်းခဲ့သော တွံတေး မဲဆန္ဒနယ်မှ ဦးစိုးသာ၏ **နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိ အခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော် ဘတ်ဂျက်စနစ်ကောင်းတစ်ခုဖြစ်ထွန်းလာမည့် နည်းလမ်းများအား လွှတ်တော်သို့တင်ပြရန်** အဆိုကို မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၊ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ ဂွမဲဆန္ဒနယ်မှ ဦးညီလေး(ခ) ဦးကြည်သာ၊ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးနှင့်သီပေါ မဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်းတို့က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဘုတ်၊ ကော်ပိုရေးရှင်းအသွင်၊ ကုမ္ပဏီ၊ ပုဂ္ဂလိကပိုင်ပုံစံတို့ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်အတွက် ဘတ်ဂျက်ရန်ပုံငွေ လျာထားသုံးစွဲခြင်းကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်လာနိုင်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်မှုများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ရသင့်ရထိုက်သောအခွန်အခများလည်း ရရှိလာမည်ဖြစ်ပါကြောင်း၊ ဘတ်ဂျက်စနစ်ကောင်းပြောင်းလဲကျင့်သုံးရာတွင် ကော်မတီတစ်ရပ်ဖွဲ့စည်းလေ့လာစေပြီး လေ့လာတွေ့ရှိချက်၊ အကြံပြုချက်များကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြစေကာ ဆွေးနွေးအတည်ပြုချက်ရယူပြီးမှ လက်ခံကျင့်သုံးသင့်ပါကြောင်း။

ထို့ပြင် ယင်းစနစ်ကို အထောက်အကူပြုမည့် ထိရောက်သွက်လက်သော ဘဏ်စနစ်များ၊ ပိုမိုခေတ်မီသည့် ဆက်သွယ်ရေးစနစ်များ၊ ပါဝင်မည့်အဖွဲ့အစည်းများ၏ စနစ်တကျ ဖွဲ့စည်းတည် ဆောက်မှုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် စီမံခန့်ခွဲသူများကို လေ့ကျင့်စုဆောင်း နိုင်မှုများ၊ နိုင်ငံတကာနှင့် ပတ်ဝန်းကျင်နိုင်ငံများ၏ မြန်မာ့စျေးကွက် တံ့ပြန်နိုင်မှုနှင့် စတင်ကျင့်သုံးသင့်သည့် ထုတ်ကုန်အမျိုးအစားနှင့်လုပ်ငန်းများ စသည်တို့ကို ဟန်ချက်ညီစွာ လေ့လာစိစစ်သင့်ပါကြောင်း၊ နိုင်ငံတော်၏ဘတ်ဂျက်စနစ်သာမက စီးပွားရေး ဌာနများကို ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ပေးရမည့်ကိစ္စရပ်များ၊ စီးပွားရေးအဖွဲ့အစည်း များက မြတ်စွန်းအောင်တာဝန်ယူရမည့်ကိစ္စရပ်များ၊ အစိုးရကမူဘောင်ဖြင့် ပြန်လည် ထိန်းကျောင်းပေးရမည့်ကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါကြောင်း၊ အဆိုပါကိစ္စရပ်သည် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးစီးပွားအတွက် အဓိကပြောင်းလဲမှု တစ်ရပ်ဖြစ်ပေါ်လာနိုင်သဖြင့် ချွတ်ချော်မှုများမဖြစ်ပေါ်စေရန်အတွက် အဆင့်ဆင့် ချောမွေ့စွာ ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဤအဆိုသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမှုကိုဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများသည် အင်မတန်ပြည့်စုံပြီး မှတ်သားလိုက်နာ ဆောင်ရွက်ရမည့် အချက်များဖြစ်သည့်အတွက် လွှတ်တော်ကမှတ်တမ်းတင်သင့်သည်ဟု ယူဆပါကြောင်း၊ ယခုအဆိုနှင့်ပတ်သက်၍ အဓိကမှာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းရေးလေ့လာဆန်းစစ်မှုကို အခြေခံရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများမှတစ်ဆင့် အများပိုင်ကုမ္ပဏီများပေါ်လာမည်ဆိုပါက ဘတ်ဂျက်စနစ်လည်း လိုက်လျောညီထွေပြောင်းရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်တာများ အကောင်အထည်ဖော်သည့်နေရာတွင် အဆင့်ဆင့် ဆောင်ရွက်သွားမှသာလျှင် အများကင်းစင်ပြီး လိုရာခရီးရောက်နိုင်သော အနေအထားဖြစ်ပါကြောင်း။

ဘတ်ဂျက်ဆိုသည်မှာ ရငွေနှင့်သုံးငွေ မျှတအောင်ဆောင်ရွက်သည့်ကိစ္စဟု ပြောနိုင်ပါကြောင်း၊ နိုင်ငံအသီးသီး၌ ဘတ်ဂျက်လိုငွေရှိပါကြောင်း၊ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများပင်လျှင် ဘတ်ဂျက်လိုငွေရှိကြသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် လိုငွေတဖြည်းဖြည်း လျော့နည်းအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ပါကြောင်း၊ ယနေ့လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့သကဲ့သို့ နိုင်ငံအသီးသီး၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့် နေရာတွင် ယနေ့အများပိုင်ကုမ္ပဏီ၊ ပုဂ္ဂလိကကုမ္ပဏီများဖြင့် ဆောင်ရွက်နေကြသော်လည်း ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများသည်ပင် နိုင်ငံပိုင်ကုမ္ပဏီများကိုအခြေခံပြီး စတင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခုတင်သွင်းသည့် အဆိုပါ အကြောင်းအရာသည် မလုပ်မဖြစ်လုပ်ရမည့်ကိစ္စဖြစ်ကြောင်း သုံးသပ်တင်ပြလိုပါကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးသည်။

အဆိုရှင် ဦးစိုးသာ၏အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်သူ့လွှတ်တော် ကော်မတီများက ညှိနှိုင်းပြီး တင်ပြရန် လွှတ်တော်ကအတည်ပြုကြောင်းဆုံးဖြတ်သည်။

ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရပ်နားပြီး အစည်းအဝေး(၃၆)ရက်မြောက်နေ့ကို အောက်တိုဘာ (၁၈) ရက်နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

※ စာမျက်နှာ ၆ မှ

ပြည်တွင်းအစီအစဉ်များ ရိုက်ကူးထုတ်လုပ်ခွင့်ပြုပြီး MRTV တွင် ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိပါကြောင်း၊ အာဆီယံကဏ္ဍဆိုင်ရာ အစီအစဉ်များကိုလည်း အပတ်စဉ်ထည့်သွင်းထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

**ထို့အပြင် ပြည်သူများအတွက် သတင်း၊ ဗဟုသုတ၊ ဖျော်ဖြေမှုများပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်စေရန်၊ နိုင်ငံတကာနှင့်လည်း ရင်ပေါင်တန်းနိုင်စေရန် ယနေ့အခါ အခမဲ့ကြည့်ရှုနိုင်သည့် Free to Air ရုပ်သံလိုင်းများ၊ အခကြေးငွေဖြင့်ကြည့်ရှုနိုင်သည့် ရုပ်သံလိုင်းများကိုပါ တိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ယင်းရုပ်သံလိုင်းများတွင် နိုင်ငံတကာသတင်းရုပ်သံလိုင်းများ၊ အသိပညာဗဟုသုတ အဓိကထားထုတ်လွှင့်သည့် ရုပ်သံလိုင်းများ၊ Edutainment၊ Infotainment စသည်တို့ပါဝင်သည့် ဖျော်ဖြေရေးရုပ်သံလိုင်းများပါဝင်ပါကြောင်း၊ ယင်းသို့ ထုတ်လွှင့်ရာတွင်လည်း ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများကို ဆင်ဆာမူဝါဒနှင့်အညီ စစ်ဆေးပြီးမှ ပြသခွင့်ပေးခြင်းဖြစ်ပြီး ပြည်ပမှထုတ်လွှင့်နေသော ရုပ်သံလိုင်းများကို တိုက်ရိုက် Relay စနစ်ဖြင့် ထုတ်လွှင့်ရာတွင်လည်း Online ဆင်ဆာစစ်ဆေးမှုအဖွဲ့က မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည်များကို စစ်ဆေးပြင်ဆင်ပြီးမှ ဆက်လက်ထုတ်လွှင့်ပေးနေခြင်း ဖြစ်ပါကြောင်း။**

**ရုပ်မြင်သံကြားထုတ်လွှင့်သည့် အစီအစဉ်ရေးဆွဲရာတွင်လည်း မြန်မာ့ယဉ်ကျေးမှုကို ဖော်ညွှန်းပေးသည့် အစီအစဉ်များ၊ အမျိုးသားရေးဓလေ့စရိုက်များကို ဖော်ကျူးပေးသည့် အစီအစဉ်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အစီအစဉ်များ၊ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များ၊ တေး/ကဗျာ အစီအစဉ်များ၊ အသိပညာနှင့်ဗဟုသုတဖြစ်ဖွယ် ပညာပေးအစီအစဉ်များကို သတ်မှတ်အချိုးအစားနှင့် အညီထည့်သွင်းရေးဆွဲထုတ်လွှင့်ပေးနေပါကြောင်း၊ ထို့အပြင် ယင်းထုတ်လွှင့်မှုများကို ပြည်သူအများဆုံး ကြည့်ရှုသည့်အချိန် (Prime Time)တွင် ပြည်တွင်းမီဒီယာများကထုတ်လုပ်သည့်အစီအစဉ်များ၊ စတူဒီယိုအတွင်းနှင့် ပြင်ပရိုက်ကူးထုတ်လုပ်သည့် အစီအစဉ်များ၊ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးရည်မှန်းချက်ဖြင့် ဆောင်ရွက်သည့် အခမ်းအနားများ၊ ပြိုင်ပွဲများဆိုင်ရာ ဂုဏ်ပြုအစီအစဉ်များ၊ ရုပ်ရှင်ဇာတ်လမ်းများ၊ မိမိတို့နှင့် ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အမျိုးသားရေးလက္ခဏာများ အနီးစပ်ဆုံးတူညီသည့် နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းများ စသည်ဖြင့် မျှတစွာ ထည့်သွင်းထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် အထိမ်းအမှတ်နေ့ရက် ဂုဏ်ပြုအစီအစဉ်များ၊ ရုပ်ရှင်ဂုဏ်ပြုဇာတ်လမ်းများ၊ ဂုဏ်ပြုတေးသီချင်းများကိုလည်း သတ်မှတ်အထိမ်းအမှတ်နေ့ရက်များအလိုက် (Prime Time)များတွင် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။**

အပတ်စဉ် (Prime Time)တွင် ထုတ်လွှင့်ပေးနေသည့် မြန်မာမှုအစီအစဉ်(၁၂)ခုရှိသည့်အပြင် အပတ်စဉ် တနင်္ဂနွေ နေ့လယ်ပိုင်းအစီအစဉ်နှင့် ဗုဒ္ဓဟူးနေ့ညနေပိုင်းအစီအစဉ်များကိုလည်း မြန်မာမှုအစီအစဉ်များအတွက်သာ သတ်မှတ်ထားပြီး မြန်မာရုပ်ရှင်ဇာတ်ကားများ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစီအစဉ်များကို သီးခြားထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင်နိုင်ငံတော်အကျိုးပြု ဂုဏ်ပြုဇာတ်လမ်းများ တေးသီချင်းများနှင့် အစီအစဉ်များကိုသက်ဆိုင်ရာနေ့ရက်များအလိုက် (Prime Time)အချိန်အတွင်း၌သာ ထုတ်လွှင့်ပြသစေလျက်ရှိသည့်အတွက် နိုင်ငံခြားအစီအစဉ်များကို ညနောက်ပိုင်း အချိန်ကျမှသာပြသနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လတ်တလော ဥပမာပြရလျှင် လက်ရှိအခြေအနေတွင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပနေပြီဖြစ်ပါကြောင်း၊ ယင်းပြိုင်ပွဲကြီးမတိုင်မီ(၁)လခွဲခန့်သည် ဘာသာရပ်အလိုက် အထောက်အကူပြုဆွေးနွေးခန်းများ၊ ဂုဏ်ပြုအစီအစဉ်များကို ညပိုင်းသတင်းအပြီးတွင် ထုတ်လွှင့်ပေးနေသည်ကို အားလုံးတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ထုတ်လွှင့်ပေးမှုများကြောင့် နိုင်ငံခြားဇာတ်လမ်းများနှင့် အစီအစဉ်အချို့ကို ညသန်းခေါင်ယံအချိန်ကျမှသာ ထုတ်လွှင့်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာ အရည်အသွေး၊ အရည်အချင်း မြင့်မားတိုးတက်ရေးအတွက်လည်း ရေဒီယို၊ ရုပ်မြင်သံကြားသတင်းအစီအစဉ် ရေးသား ရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာ ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဖြင့် သင်ကြားလေ့ကျင့် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုစနစ်များကိုလည်း နိုင်ငံတကာအခြေအနေနှင့်အညီ Analogue စနစ်မှ အရည်အသွေးပိုမိုကောင်းမွန်ပြီး ရေရှည်ကုန်ကျစရိတ်သက်သာ သည့် Digital စနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းဆောင်ရွက်လျက်ရှိပါကြောင်း။**

**နိုင်ငံခြားဇာတ်လမ်းများနှင့်စပ်လျဉ်း၍ မိမိတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အမျိုးသားရေးလက္ခဏာများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ စသည့်နိုင်ငံများမှ ရုပ်ရှင်ဇာတ်လမ်းများကိုသာ ထုတ်လွှင့်ပြသစေလျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရုပ်ရှင်၊ ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး မြန်မာဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လုပ်နိုင်ရေးခွင့်ပြုအားပေးထားပါကြောင်း၊ သို့ပါ၍ နောင်တွင် ပြည်တွင်းပုဂ္ဂလိကမီဒီယာများ၏ အခန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးလာပြီး ပြည်တွင်းရုပ်သံအစီအစဉ်များ၊ မြန်မာဇာတ်လမ်းများ၊ မြန်မာဇာတ်လမ်းတွဲစီးရီးများ အရည်အသွေး အဆင့်အတန်းမြင့်မားစွာ တိုးတက်ထုတ်လုပ်လာနိုင်သည်နှင့်အမျှ ပြည်တွင်းထုတ်လုပ်သည့် အစီအစဉ်များကို MRTV အပါအဝင် ဆက်စပ်ရုပ်သံလိုင်းများအားလုံးတွင် ပိုမိုတိုးမြှင့်ပြသပေးသွားမည် ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ၏ **"ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာအား မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံစသော ဒစ်ဂျစ်တယ်လိုင်း ကြည့်ရှုခွင့်ကို ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်တွင် လွှင့်အား (1 KW)၊ ဘောလခဲ၊ ဖရူဆိုနှင့် မယ်စဲ့တို့တွင် လွှင့်အား (50 W)စီ၊ ဖားဆောင်း၊ ရှားတောနှင့် ရွာသစ်တို့တွင် ( 10 W) စီ အသီးသီးရှိသော ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ စုစုပေါင်း (၇)ရုံကို တည်ဆောက်ပေးထားပြီးဖြစ်ပါကြောင်း၊ မယ်စဲ့ရှိ စက်ရုံကို ၄-၇-၂၀၀၀ ရက်နေ့က စတင်ထုတ်လွှင့်ခဲ့ပါကြောင်း၊ ဝပ်အားအလိုက် လွှင့်အားပျံ့နှံ့မှုမှာ ယေဘုယျအားဖြင့် (1 KW) လွှင့်စက်သည် အချင်းဝက်(၁၀)မိုင်ပတ်လည်၊ (50 W) လွှင့်စက်သည် အချင်းဝက် (၅)မိုင်ပတ်လည်နှင့် (10 W) လွှင့်စက်သည် အချင်းဝက်(၂)မိုင်ပတ်လည်အထိ ပျံ့နှံ့ရောက်ရှိပါကြောင်း၊ ရုပ်သံလိုင်း၏သဘောမှာ လွှင့်စက်တာဝါနှင့်ဖမ်းယူသည့်နေရာအကြား အတားအဆီးမရှိလျှင် သတ်မှတ်သည့် အကွာအဝေးထက်ပင် လွှင့်အားပိုမိုပျံ့နှံ့ရောက်ရှိနိုင်ပြီး အတားအဆီးရှိပါက သတ်မှတ်အကွာအဝေးပင် မရောက်နိုင်ပါကြောင်း။

မယ်စဲ့မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မယ်စဲ့ထပ်ဆင့်လွှင့်စက်ရုံအကြား အကွာအဝေးများမှာ ဟိုစဲ့(၆)မိုင်၊ ဝမ်ကန်(၁၈)မိုင်၊ နမ့်မန်း(၈)မိုင်၊ ပန်တိန်း(၁၅)မိုင်၊ မယ်ဆည်နန်(၁၂)မိုင်၊ နန့်ဟူး(၈)မိုင်၊ ဟိုဂျစ်(၄)မိုင်၊ နန့်ပိန်းလိန်(၁၈)မိုင်၊ ကျောက်စု(၂၂)မိုင်နှင့် လမ်းဆုံ(၁၄)မိုင် စသည်ဖြင့် အသီးသီးဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ဟိုစဲ့၊ မယ်ဆည်နန်၊ နန့်ဟူးနှင့် ဟိုဂျစ်တို့တွင် Intenna မြင့်မြင့်နှင့် Booster သုံး၍ ဖမ်းယူရရှိနိုင်သော်လည်း အချို့ရွာများတွင် တောတောင်ထူထပ်မှုကြောင့်လည်းကောင်း၊ လွှင့်စက်နှင့် သတ်မှတ်ခရီးမိုင်ထက် ပိုမိုဝေးကွာခြင်းကြောင့်လည်းကောင်း ဖမ်းယူမရရှိနိုင်သည်ကို တွေ့ရှိရပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံအတွင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများကို တိုးချဲ့တည်ဆောက်ရာတွင် မြို့နယ်အဆင့်နှင့် မြို့နယ်ခွဲအဆင့် နေရာဒေသများနှင့် နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်ညွှန်ကြားချက်အရ စက်ရုံတည်ဆောက်ပေးရန်ညွှန်ကြားလာသော နေရာဒေသများတွင် စက်ရုံများကို ဦးစားပေးတည်ဆောက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိ ထပ်ဆင့်လွှင့်စက်ရုံပေါင်း (၂၂၆)ရုံ တည်ဆောက်ပြီးစီးသည့်တိုင် တောတောင်ထူထပ်စွာကာရံလျက်ရှိသော ကျေးရွာအုပ်စုများစွာသို့ Cover မပေးနိုင်သေးပါကြောင်း၊ နိုင်ငံအတွင်း၌ ရုပ်မြင်သံကြား ဖမ်းယူရရှိမှုမရှိသော ကျေးရွာအုပ်စုများအတွက် မည်သည့်ဒေသကမဆို အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်သည့် DTH စနစ်ကို မြန်မာနိုင်ငံတွင် ထုတ်လွှင့်ပေးနေပြီဖြစ်ပါကြောင်း၊ DTH စနစ်ဆိုသည်မှာ Direct To Home ဖြစ်ပြီး ဂြိုဟ်တုမှတစ်ဆင့် ထုတ်လွှင့်ခြင်းဖြစ်ပါကြောင်း၊ DTH များ တပ်ဆင်ခြင်းဖြင့် Free to Air ထုတ်လွှင့်လျက်ရှိသော MRTV၊ MITV နှင့် MRTV-4 Channel များသာမက တိုးချဲ့ထုတ်လွှင့်မည့် Channel များကိုလည်း အခမဲ့အလွယ်တကူဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ၂၄ နာရီပတ်လုံး ထုတ်လွှင့်နေသည့်အတွက် မိမိကြည့်ရှုလိုသောအချိန်တွင် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း၊ ဈေးနှုန်းမှာလည်း သင့်လျော်သည့်အတွက် ပြည်သူများအနေဖြင့် ဝယ်ယူတပ်ဆင်နိုင်ကြမည်ဖြစ်ပါကြောင်း။

**နိုင်ငံတော်အနေဖြင့်လည်း ကျေးလက်ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို စီမံချက်ချမှတ်ပြီး နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးစီးဆောင်ရွက်ပေးနေပါကြောင်း၊ ယင်းစီမံချက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ယူသည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင်လည်း လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပါရှိပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများတွင်လည်း ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ ဖွဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအဖွဲ့များက ကျေးရွာတိုင်းကို ကွင်းဆင်းပြီး ပညာရေးအရ၊ ကျန်းမာရေးအရ ဆောင်ရွက်ပေးရန်ရှိသည်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို အောက်ခြေအထိဆင်းပြီး မိမိတို့လုပ်ဆောင်ပေးရမည့် လုပ်ငန်းများကို ကြည့်ရှုလေ့လာနေပါကြောင်း၊ ယင်းအဖွဲ့များ ကွင်းဆင်းပြီး လုပ်ငန်းများ ဆောင်ရွက်သွားသည့်အခါ ယခုတင်ပြသည့်ကိစ္စများပါ အလိုလိုပါသွားပြီး အဆင်ပြေသွားနိုင်ပါကြောင်း။**

မေးခွန်းတွင်ပါဝင်သည့် မြဝတီရုပ်မြင်သံကြားကိစ္စမှာမူ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးက ထုတ်လွှင့်နေခြင်းဖြစ်၍ သက်ဆိုင်ရာသို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **"မြန်မာ့ရုပ်ရှင် အကယ်ဒမီ ထူးချွန်ဆုပေးပွဲ၌ တစ်သက်တာရုပ်ရှင်ထူးချွန်ဆုပေးအပ်ရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရုပ်ရှင်သမိုင်းကြောင်းကိုပြန်ကြည့်လျှင် ၁၉၂၀ ခုနှစ်ကစပြီး မြန်မာနိုင်ငံတွင် ရုပ်ရှင်စတင်ရိုက်ကူးထုတ်လုပ်ခဲ့သည့်အတွက် မြန်မာ့ရုပ်ရှင်သက်တမ်းသည် (၉၁)နှစ်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးကို ရှေးရှုပြီး "မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့" ကို ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ရုပ်ရှင်လောကမှ ထူးချွန်ထက်မြက်သည့် အနုပညာရှင်၊ အတတ်ပညာရှင်များကို ထူးချွန်ဆုများ ရွေးချယ်ချီးမြှင့်ခဲ့သည်မှာ ၂၃-၁-၂၀၁၁ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သည့် ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတိုင်သည်အထိ (၅၈)နှစ်ကာလအတွင်း (၅၄)ကြိမ် ချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းမှတ်တမ်းကို ပြန်လည်လေ့လာကြည့်မည်ဆိုလျှင် ၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်တို့တွင် ရုပ်ရှင်ထူးချွန်ဆု(၃)မျိုးသာ သတ်မှတ်ချီးမြှင့်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာဆု၊ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံဆု၊ ၁၉၆၂ ခုနှစ်တွင် အမျိုးသားပညာသည်ဆုနှင့် အမျိုးသမီးပညာသည်ဆုများကို အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသား ဇာတ်ပို့ဆု၊ အမျိုးသမီး ဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ပို့ဆု ဟူ၍ (၄)ပိုင်းခွဲခြားပြီး အဆင့်ဆင့် တိုးမြှင့်ချီးမြှင့်လာခဲ့ပါကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆုနှင့် ရုပ်ရှင်အသံဆုတို့ကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ရုပ်ရှင်တည်းဖြတ်ဆုကိုလည်းကောင်း ထပ်မံတိုးမြှင့်ခဲ့သည့်အတွက် ယခုအခါ ရုပ်ရှင်ထူးချွန်ဆုပေါင်း (၁၁)မျိုးအထိ ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးအကဲဖြတ်အဖွဲ့က ထောက်ခံတင်ပြလာသည့်အတွက် အထူးဆုအဖြစ် ဆုတစ်ဆုတိုးပြီး ချီးမြှင့်ခဲ့သည်ကိုလည်း အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ၁၉၅၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ (၅၈)နှစ်ကာလအတွင်း ချီးမြှင့်ခဲ့သည့် ရုပ်ရှင်ထူးချွန်ဆုပေါင်းမှာ စုစုပေါင်း (၃၂၈)ဆု ရှိခဲ့ပြီဖြစ်ပါကြောင်း။

**ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုများကို ဆုအရေအတွက် အမျိုးအစား ပိုမိုတိုးတက်ချီးမြှင့်လာခြင်းသည် မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းမြင့်မားရေးနှင့် ရုပ်ရှင်လောကသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်လောကအဆင့်အတန်းမြင့်မားရေးနှင့် ရုပ်ရှင်လောကသားများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများ ထားရှိဆောင်ရွက်ရမည့် ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ချမှတ်အကြံပြုခဲ့ပြီးဖြစ်သကဲ့သို့ အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။**

ရုပ်ရှင်ကားများရိုက်ကူးရာတွင် နိုင်ငံတကာအဆင့်မီ ရိုက်ကူးနိုင်စေရေးအတွက် နောက်ဆုံးပေါ် ရုပ်ရှင်ကင်မရာနှင့် အသံဖလင်ဆေးစိမ်စက်၊ စတီရီယိုအသံကူးပြောင်းစက်၊ အရောင်ခွဲစက်၊ ရုပ်ရှင်ဖလင်ကားကူးစက်တို့ကို ဝယ်ယူတပ်ဆင်ပေးခဲ့ပြီးဖြစ်သည့်အပြင် ခေတ်မီ မီးပိုင်းဆိုင်ရာပစ္စည်းများနှင့် အသံပိုင်းဆိုင်ရာပစ္စည်းများကိုလည်း ဝယ်ယူပေးလျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်အညီ ဒစ်ဂျစ်တယ်စနစ် အသုံးပြုရိုက်ကူးနိုင်ရေး၊ နည်းပညာအထူးပြုလုပ်ချက်များဖြင့် ပေါင်းစပ်ရိုက်ကူးနိုင်ရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်မီစတူဒီယိုများ ပေါ်ပေါက်လာအောင်လည်း ကြိုးပမ်းလျက်ရှိပါကြောင်း၊ ရုပ်ရှင်ပြသမှုစနစ် မြင့်မားလာရေးအတွက် ခေတ်မီရုပ်ရှင်ရုံများ ပေါ်ပေါက်လာအောင် အားပေးလျက်ရှိရာတွင် ယခုဆိုလျှင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများတွင် ခေတ်မီရုပ်ရှင်ရုံများ ဆက်တိုက်ပေါ်ပေါက်လာနေပြီဖြစ်ပြီး မကြာမီကာလအတွင်း ရုပ်ရှင်ဗီဒီယိုကားများကို E-cinema စနစ်ဖြင့် နိုင်ငံအနှံ့ စတင်ပြသနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

**ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို အထင်အရှားတွေ့နိုင်ပါကြောင်း၊ အကယ်ဒမီဆုများ ချီးမြှင့်ခြင်းသည်လည်း ရုပ်ရှင်လောကအဆင့်အတန်းမြင့်မားရေးနှင့် ရုပ်ရှင်လောကသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ အမှန်တကယ် ထူးချွန်သည့် ရုပ်ရှင်လောကသားတိုင်း အကယ်ဒမီဆုများကို ဆွတ်ခူးရရှိနေကြသည့်အပြင် အချို့အချို့သော ပါရမီရှင်ထူးချွန်သူများသည် အကယ်ဒမီဆုများကို ထပ်ဆင့်ထပ်ဆင့် ဆွတ်ခူးအောင်မြင်နေကြသည့်အတွက် (၆)ထပ်ကွမ်း၊ (၅)ထပ်ကွမ်း၊ (၄)ထပ်ကွမ်းဆုရှင်များ အစီအရီပေါ်ထွန်းလာသည်ကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်လောကသားများအနေဖြင့် နောက်ဆုံးအချိန်အထိ ရုပ်ရှင်လောကတွင် ကျရာဇာတ်ရုပ်အလိုက် ကျင်လည်ဖြတ်သန်းခွင့် ရရှိနေကြပြီး ဇရာအရွယ်ရောက်သည့်တိုင် အကယ်ဒမီဆုများကို ထပ်ကာထပ်ကာ ဆွတ်ခူးပိုင်ဆိုင်ခွင့်ရရှိနေသည့် သဘောသဘာဝရှိခြင်းကြောင့် ယင်းသို့ တစ်သက်တာအောင်မြင်မှုများသည်လည်း တစ်သက်တာရုပ်ရှင်ထူးချွန်ဆုနှင့် ရည်ရွယ်ချက်သဘောတရားချင်း မကွာခြားလှသည်ကို သုံးသပ်တွေ့ရှိနိုင်ပါကြောင်း။**

ထို့အပြင် နိုင်ငံတကာတွင် တစ်သက်တာ ရုပ်ရှင်ဆုပေးခြင်းများရှိနေသည် ဟူသောကိစ္စနှင့် ပတ်သက်၍ အချို့နိုင်ငံများတွင် တစ်သက်တာရုပ်ရှင်ဆုပေးသည့်စနစ်ကို သူ့နိုင်ငံ၊ သူ့အခြေအနေအရ ကျင့်သုံးခြင်းရှိသော်လည်း နိုင်ငံအများစုမှာမူ ယင်းစနစ်ကျင့်သုံးမှု မရှိသေးပါကြောင်း၊ အထူးသဖြင့် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများကို ပြန်ကြည့်လျှင်လည်း တရုတ်နိုင်ငံတစ်ခုတည်းသာ ရွှေကြက်ဖရုပ်ရှင်ပွဲတော်တွင် တစ်သက်တာရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နေခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

**ရုပ်ရှင်အကယ်ဒမီဆုများကို အဆင့်ဆင့်တိုးတက်ချီးမြှင့်လာခဲ့ရာတွင် ယခု နှစ်စဉ် (၁၁)ဆုအထိ၊ အထူးဆုအပါအဝင် (၁၂)ဆုအထိ ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် လက်ရှိတွင် မြန်မာ့ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ၏အခြေအနေနှင့် မျှတလုံလောက်မှုရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ တစ်သက်တာရုပ်ရှင်ထူးချွန်ဆုကို နိုင်ငံတကာတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးမှုမရှိသေးသည့်အပြင် မိမိတို့နိုင်ငံအနေအထားနှင့်လည်း လောလောဆယ်တွင် မလိုအပ်သေးသည့်အတွက် နောင်အလျဉ်းသင့်သည့်ကာလတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့်ညှိနှိုင်း၍ ယင်းဆု ကိစ္စကို စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၏အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်ဟု အတည်ပြုကြောင်း လွှတ်တော်က ဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီးပေးပို့လာသော ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးပေါလ်ထန်ထိုင်း၊ ဦးပေါ်လျှံလွင်၊ ဦးလှဆွေ၊ ဦးကံညွန့်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးစိုင်းသန့်ဇင်၊ ဦးကျွန်ခဲန်း၊ ဦးမန်းကံညွန့်၊ ဦးအုန်းတင်၊ ဦးမောင်အေးထွန်း၊ ဦးစံပြည့်၊ ဒေါ်ခင်ဝိုင်းကြည်၊ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ဦးဂျေယောဝူနှင့် ဒေါက်တာအေးမောင်တို့က ဥပဒေကြမ်းတွင်ပါဝင်သည့် အခန်း(၂) အပိုဒ် ၄၊ အခန်း(၃) အပိုဒ် ၅ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ (င)၊ (စ)၊ (ဆ)၊ (ဈ)၊ (ဋ)၊ (ဌ) နှင့်(ဍ)၊ အခန်း(၄)အပိုဒ် ၆ နှင့် အပိုဒ် ၉၊ အပိုဒ် ၇ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)နှင့်(စ)၊ အပိုဒ် ၈၊ အပိုဒ် ၉ အပိုဒ်ခွဲ(ဍ)၊ အခန်း(၅) အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)၊ အခန်း(၇) အပိုဒ် ၁၃ အပိုဒ်ခွဲ(က)၊ (ဃ)၊ (ဘ)နှင့်(ဠ)၊ အခန်း(၈) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)၊ အခန်း(၁၀) အပိုဒ် ၂၅၊ အပိုဒ် ၂၆ နှင့် အပိုဒ် ၂၇ စသည်တို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ထည့်သွင်း၊ အတည်ပြုသင့်သည့်အချက်များကို ဆွေးနွေးကြသည်။

လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦး၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ညနေ ၃ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး (၃၅) ရက်မြောက်နေ့အစည်းအဝေးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ (၁၈)ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်း(၅)ခုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုအား အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခုအား ပြန်လည်ကြားနာဆောင်ရွက်ရန်ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## Sweet Villa ပရိဘောဂဆိုင်သစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

Sweet Villa ပရိဘောဂဆိုင်သစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရန်ကုန်-မန္တလေး လမ်းပေါ်ရှိ အမှတ် (၁၃/၃)၌ကျင်းပရာ ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေးနှင့် ဆိုင်ပိုင်ရှင် ဒေါ်မိုးမိုးသက်တို့က ပရိဘောဂဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က Sweet Villa ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများသည် ပရိဘောဂဆိုင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပရိဘောဂ အရောင်းပြခန်းတွင် ရေမြှုပ်မွေ့ရာ၊ ဆိုဖာဆက်တီ၊ ဆုံလည်ကုလားထိုင်များ၊ ဟိုတယ်နှင့် အိပ်ခန်းပစ္စည်းများ၊ ခန်းဝင်ပစ္စည်းများအပြင် Sweet Home မှ ထုတ်ကုန်မှန်သမျှကို တစ်နေရာတည်းတွင် ဈေးနှုန်း မှန်ကန်သက်သာစွာဖြင့် ရရှိနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၂၃၉၂၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ Sweet Villa ပရိဘောဂဆိုင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။**

(သတင်းစဉ်)

**စာ ပေ မြင့် မှ လူ မျိုး တင့် မည်**

## ❊ ဒုတိယသမ္မတမှ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းမိသားစုတို့သည် ည ၇ နာရီတွင် ဇာတ်တော်ကြီးပြိုင်ပွဲကျင်းပသည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိလာရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဦးစီးကော်မတီဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့နှင့် အတူ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားတန်ဖိုးထားချစ်မြတ်နိုးကြသည့် ပြည်သူများလာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်ပြီး ဇာတ်အဖွဲ့ ခေါင်းဆောင် အေးကြူ(စလေမြို့မ)၊ ဒါရိုက်တာ ရန်ကုန်ကျော်ဝေ၊ ဇာတ်ညွှန်း မကွေး စိန်သန်း၊ သုဒ္ဓေါဒနအဖြစ် ဦးခန့်နောင်၊ မယ်တော်မာယာအဖြစ် ဒေါ်ယဉ်ယဉ်မြင့်(ခ)ရွှေမန်း၊ ပဇာပတိဂေါတမီအဖြစ် မြန်မာပြည်အီးတီနှင့် ဇာတ်ပို့ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ထားကြပြီး မောင်စွမ်းထက် ဆိုင်းအဖွဲ့က ပံ့ပိုးတီးမှုတ်ပေးကာ လောကအကျိုးစီးပွားအလို့ငှာ လာခြင်းကောင်းမွန်တော်မူသော သုဂတောဂုဏ်တော်နှင့်အညီ ပွင့်ထွန်းပေါ်ပေါက်တော်မူသည့် မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်းကို ဗုဒ္ဓဘာသာဝင်များ သဒ္ဓါရွှေ ပညာရွှေ နှစ်ထွေနှစ်ဝ မျှတသော ယောနိသောမနသီကာရ စိတ်ထားဖြင့် ကြည်ညိုသဒ္ဓါ ပွားများနိုင်စေရန် သေတကေတုနတ်သား နတ်သက်ခြွေခန်း၊ မာယာဒေဝီအိပ်မက်ခန်း၊ သန္ဓေတည်ခန်း၊ ဖွားတော်မူခန်း စသည့် ဇာတ်လမ်းဇာတ်ကွက်များကို အနုသုခုမ ရသပြောင်မြောက်စွာ ယှဉ်ပြိုင်တင်ဆက်သွားသည်။ (သတင်းစဉ်)

(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် "မြရည်နန္ဒာ" (ဘွဲ့)ဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးမောင်မောင်လွင်(ခ) ပေါက်ခေါင်းမောင်မောင်လေး၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးလုံးလေး၊ ပဲခူးတိုင်းဒေသကြီးမှ ဦးမင်းဇော်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမောင်ဖောင်း(ခ) ထွန်းနိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ ဦးကျော်မြင့်တို့ ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် "ကျွန်းကျွန်းပိုင်သ" (ကြိုး)ဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်မြနှင်းရည်တို့ ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပတ္တလားအတီးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမြစတင်းနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် "ညာသပြေဘောင်" (ကြိုး)ဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခိုင်ဇာဝင်းနှင့် ပေါက်ကျော်မနှင့် မန္တလေးတိုင်းဒေသကြီးမှ မသဥ္ဇာမျိုးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀) နှစ်မှ (၁၅)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် "ပြည်ပြည်မင်းပေါင်း" (သီချင်းခံ)ဖြင့် မန္တလေးတိုင်းဒေသကြီးမှ မောင်သူရထက်နိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သန့်ဇင်အောင်၊ မကွေးတိုင်းဒေသကြီးမှ မောင်ဝေယံမိုး၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇော်ဇော်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထိန်လင်းအောင်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်မင်းမင်းဇော်နှင့် ရှမ်းပြည်နယ်မှ မောင်ဝေယံဖြိုးတို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား၊ အမျိုးသမီး) အရေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းဝင်း သီချင်းတိုက်လေ့ကျင့်စဉ်။** (သတင်းစဉ်)



အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို နံနက် ၉ နာရီ ၁၀ မိနစ်တွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် "ချစ်သမျှကို" (ပတ်ပျိုး)ဖြင့် မကွေးတိုင်းဒေသကြီးမှ ဦးချစ်ဝင်းလှိုင်၊ ရှမ်းပြည်နယ်မှ ဦးသိန်းဇော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကိုသူ၊ မန္တလေးတိုင်းဒေသကြီးမှ ဦးဗိုလ်နိုင်နှင့် ဦးစိုင်းထက်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဗိုလ်ဗိုလ်အောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးသန်းဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဆိုင်းဗိုလ်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ကျော်စိုးဟန်၊ ကရင်ပြည်နယ်မှ ဦးစိန်ကုလားနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးထွန်းထွန်းတို့ ပြိုင်ပွဲဝင်ကြသည်။

အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် "မင်းလမ်းစပ်ကာ" (ကြိုး)ဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စိုးသီဟ၊ မန္တလေးတိုင်းဒေသကြီးမှ မောင်မင်းမင်းမြတ်နှင့် မောင်ပြည့်ဖြိုးမောင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရဲသီဟ(ခ)သိန်းသန်းစိုးတို့ ပါဝင်တီးခတ်ယှဉ်ပြိုင်ကြသည်။

အတီးပြိုင်ပွဲ၏ အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင်စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အိုးစည်အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးစိုးသိန်းနှင့်အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) အိုးစည်အတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဦးမြဟန်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ရဲဝင်းထွန်းအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးမော်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်သူဟိန်းအဖွဲ့နှင့် ဦးကျော်ကျော်ဟန်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးကျော်ကျော်အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးမှ ဦးခေါလေးအဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅) နှစ်မှ(၂၀)နှစ် (အမျိုးသား)အိုးစည်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်စိန်ဗိုလ်ထွားအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ချစ်တီး(ခ) ပြည့်ဖြိုးအောင်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ကျော်ကျော်ထွန်းမောင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ချစ်ဝေခိုင်အဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး တတိယနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။ (သတင်းစဉ်)



**ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဦးလုံးလေး ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

# အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)

# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကြည့်ရှုစစ်ဆေး





နေပြည်တော် အောက်တိုဘာ ၁၇

**မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ ရောက်ရှိပြီး(၃)ထပ် သင်တန်းသား အိပ်ဆောင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ကျောင်းဝင်းအတွင်း တိုးချဲ့တည်ဆောက်လျက်ရှိသော အမျိုးသားအိပ်ဆောင်(၃)ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်၊ ရေကူးကန် တည်ဆောက်မည့် မြေနေရာ၊ အမျိုးသား(၃)ထပ်ဆောင်အဟောင်းနှင့် Fitness Room တို့ကိုလည်းကောင်း၊ (ပေ ၁၂၀× ၃၆ ပေ)ရှိ စာသင်ဆောင်သစ်နှစ်ဆောင် တိုးချဲ့ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ဆေးဘက်ဌာနစိတ်၊ အမျိုးသမီးအိပ်ဆောင်သစ်ဆောက်လုပ်နေမှုနှင့် လက်ရှိ အမျိုးသမီးအိပ်ဆောင်များသို့ လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆောင်မှူးများအား တွေ့ဆုံ၍ သင်တန်းသားရော သင်တန်းသူများပါ ၎င်းတို့နေထိုင်သည့် အဆောင်များအလိုက် အဆောင်သန့်ရှင်းရေးအမှတ်၊ ပညာရေးအမှတ်၊ လေ့ကျင့်ရေးနှင့် အားကစားအမှတ်များနှင့် လူမှုဝန်ထမ်း အမှတ်များပေးကာ အဆောင် တစ်ခုနှင့်တစ်ခု ယှဉ်ပြိုင်လိုသည့် စိတ်ဓာတ်များ လေ့ကျင့်မွေးမြူပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားခန်းမ(၂)၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ရန် လျာထားသည့် သင်တန်းသား ၄၀ နှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် အားကစားနှင့် ပညာရေးပေါင်းစပ် လေ့ကျင့်ရေးသင်တန်းတက်ရောက်နေသည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံမှာကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရတနာသိဒ်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မိုးလုံလေလုံအားကစားခန်းမ လေးလုံး၏ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး (၃)ထပ် အဆောင်သစ်အတွင်းရှိ အစည်းအဝေးခန်းမ၌ တိုးချဲ့ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ အားကစားလေ့ကျင့်ရေး နည်းပြဆရာများ၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ကျောင်းအုပ်ကြီးတို့အား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

ရက်စွဲ၊ ၁၈-၁၀-၂၀၁၁ (အင်္ဂါနေ့)

| စဉ် | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|
| ၄ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အက<br>အက | အခြေခံပညာ အသက်(၁၀ နှစ်ပြည့်မှ ၁၅ နှစ် အတွင်း) (အမျိုးသား)<br>ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | | ဇာတ်တော်ကြီး | မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း(ဧရာဝတီတိုင်းဒေသကြီး) | ညပိုင်း ၁၉း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို၊ မဟာဂီတ<br>အဆို၊ မဟာဂီတ | အခြေခံပညာ အသက်(၅ နှစ်ပြည့်မှ ၁၀ နှစ် အတွင်း) (အမျိုးသမီး)<br>အဆင့်မြင့်ပညာ(အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး (ဆိုင်းတစ်ဦးချင်း)<br>အတီး (ဆိုင်းတစ်ဦးချင်း)<br>အတီး (ဆိုင်းတစ်ဦးချင်း) | အခြေခံပညာ အသက်(၅ နှစ်ပြည့်မှ ၁၀ နှစ် အတွင်း) (အမျိုးသမီး)<br>အဆင့်မြင့်ပညာ(အမျိုးသမီး)<br>ဝါသနာရှင် (ပထမတန်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အဆို၊ ကာလပေါ်<br>အဆို၊ ကာလပေါ်<br>အဆို၊ ကာလပေါ် | အခြေခံပညာ အသက်(၅ နှစ်ပြည့်မှ ၁၀ နှစ် အတွင်း) (အမျိုးသား)<br>အဆင့်မြင့်ပညာ(အမျိုးသား)<br>အခြေခံပညာ အသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ် အတွင်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ) | အတီး (ဒိုးပတ်)<br>အတီး (ဒိုးပတ်) | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား)<br>အခြေခံပညာ အသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ် အတွင်း) (အမျိုးသား) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)(၁) | အတီး (ဆိုင်းအဖွဲ့လိုက်)<br>အတီး (ဆိုင်းအဖွဲ့လိုက်) | အခြေခံပညာ အသက် (၁၀ နှစ်ပြည့်မှ ၁၅ နှစ် အတွင်း) (အမျိုးသမီး)<br>ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)(၂) | အရေး (သီချင်းပြိုင်ပွဲ) | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀ |
| | သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး (စန္ဒရား)<br>အတီး (စန္ဒရား) | အခြေခံပညာ အသက်(၅ နှစ်ပြည့်မှ ၁၀ နှစ် အတွင်း)(အမျိုးသား)<br>ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ) | ကွက်စိပ် | ဝါသနာရှင်(ဒုတိယတန်း) | နံနက်ပိုင်း ၀၉း၀၀ |
| | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး (ပတ္တလား)<br>အတီး (ပတ္တလား) | အခြေခံပညာ အသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) (အမျိုးသား)<br>ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသမီး) | နံနက်ပိုင်း ၀၉း၀၀<br>မွန်းလွဲပိုင်း ၁၃း၀၀ |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၀-၂၀၁၁ (အင်္ဂါနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "လှော်နိုင်မှရောက်မည်" တရားတော် (ဆရာတော် ဓမ္မဒူတအရှင်သီလာစာရ)
၆း၃၅ စွယ်တော်လေးဆူဆုပန်ယူ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၆၀)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၀၂)**
၈း၅၀ ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကရေဆရာတော်ဘုရားကြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ် အပိုင်း(၆)
၉း၁၀ သင်ကြားရေးလမ်းညွှန်
၉း၄၀ စောင်းဆရာကြီးအင်းလေး ဦးမြင့်မောင်အားဂုဏ်ပြုသည့် အနုရသအလင်္ကာ (အပိုင်း-၃)
၁၀း၁၅ Cartoon Show Time
၁၀း၃၅ Celebrity Style
၁၁း၁၀ ရန်ကုန်မြို့ကွင်းကျယ်
၁၁း၃၀ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁း၀၀ "လှော်နိုင်မှရောက်မည်" တရားတော် (ဆရာတော် ဓမ္မဒူတအရှင်သီလာစာရ)
၁း၄၀ သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော်"ပြည်ရွှေဆံတော်"
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရယ်စရာဖေးရှင်း (ဗေလုဝနှင့် မယားပါသားများ)
၂း၅၀ Activities in The City
၃း၀၀ AMATA Corporation PCL Seminar on Overviews of SE2 Development
၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၆၀)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၀၂)**
၄း၅၅ Talent Show
၅း၃၅ ရန်ကုန်မြို့ကွင်းကျယ်
၅း၄၀ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ပထမခြေလှမ်း (သထုံမြို့)
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၆၁)**
၇း၀၀ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၀း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၀၃)**
၁၀း၅၅ Celebrity Choice
၁၁း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၄၅ အနုပညာမိုးကောင်းကင်
၁၂း၁၅ စာအုပ်ပြခန်း
၁၂း၃၅ World of Knowledge
၁း၂၅ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၁း၄၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ
၂း၀၀ ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး (ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၂း၁၀ လူငယ်နှင့်ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၂း၄၀ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀ ကြည်လင်တောက်ပြောင်မှုနှင့် ထပ်တူ
၄း၁၀ စွဲမက်ဖွယ်ရာ ရတနာ
၄း၄၅ မမောမပန်းခရီးလမ်း. . . ဆံတော်ရှင်ထံအရောက်မှန်း
၅း၀၀ အစီအစဉ်ပြီး။

# ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေ

ကျော်ရဲမင်း

မြစ်ဆုံဆည်စီမံကိန်းနဲ့ပတ်သက်ပြီး လူအများက စိတ်ဝင်စားနေကြသလို မီဒီယာတိုင်းကလည်း ဒီကိစ္စကို ပုံစံအမျိုးမျိုးနဲ့ ဝေဖန်သုံးသပ်ရေးသားထုတ်လွှင့်လျက်ရှိကြပါတယ်။ ဒီစီမံကိန်းတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီးက လွှတ်တော်သို့ သဝဏ်လွှာပေးပို့ပြီးနောက်ပိုင်းမှာတော့ အိမ်နီးချင်းနိုင်ငံဘက်မှာရော၊ နိုင်ငံတကာမှာရော ပြည်တွင်းမှာပါ မီဒီယာတွေက သူ့သဘောသူဆောင်ပြီး အမျိုးမျိုးရေးသားဝေဖန်နေကြပါတယ်။ အထူးသဖြင့် တရုတ်-မြန်မာ ဆက်ဆံရေးကို ပျက်ပြားစေရန်ရည်ရွယ်ပြီး ထိုးနှက်မှုတွေရှိနေတာကိုလည်း တွေ့ရှိရပါတယ်။

မြစ်ဆုံဆည်စီမံကိန်းကို ၂၀၀၆ ခုနှစ်က တရုတ် China Power Investment Corporation (CPI) နဲ့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ စာချုပ်ချုပ်ဆိုပြီး စတင်ခဲ့တယ်လို့ သိရပါတယ်။ အမေရိကန်ဒေါ်လာ သန်း ၃၆၀၀ ကုန်ကျမယ့် မြစ်ဆုံစီမံကိန်း အပါအဝင် မေခ၊ မလိခမြစ်ပေါ်ရှိ ရေအားလျှပ်စစ်ဆည်ခုနစ်ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ လောက်ရှိတယ်လို့ ဆိုပါတယ်။ သို့သော် မြန်မာပြည်သူတွေဘက်ကလည်း ဒီမြစ်ဆုံဆည်စီမံကိန်းတွေကြောင့် ဧရာဝတီမြစ်ကြီး ထိခိုက်ပျက်စီးသွားမှာ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးပြီး နောက်ဆက်တွဲ ထိခိုက်ဆုံးရှုံးမှုတွေခံစားရမှာ စတဲ့ စိုးရိမ်ပူပန်မှုတွေ ရှိလာခဲ့ပါတယ်။ ဒီစိုးရိမ်ပူပန်မှုတွေ ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်၊ ထဲထဲဝင်ဝင် ဖြစ်လာတဲ့အချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပြည်သူများရဲ့ စိုးရိမ်ပူပန်မှုတွေကို အလေးထားဖြေရှင်းဆောင်ရွက်ပေးဖို့ တာဝန်ရှိလာပါတယ်။ ဒါကြောင့် **လက်ရှိအစိုးရလက်ထက်မှာ မြစ်ဆုံဆည်တည်ဆောက်ခြင်းကို မပြုလုပ်စေဘဲ ရပ်ဆိုင်းထားမှာဖြစ်ကြောင်း နိုင်ငံတော်သမ္မတကြီးက လွှတ်တော်ကတစ်ဆင့်ပြည်သူကို အသိပေးကြေညာခဲ့ခြင်းဖြစ်ပါတယ်။ ဒါဟာ ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရပီပီ ပြည်သူများရဲ့ဆန္ဒကို အလေးထား ဦးထိပ်ပန်ဆင်ပြီး ဆုံးဖြတ်ဆောင်ရွက်လိုက်ခြင်းဖြစ်တဲ့အတွက် အားလုံးက ကြိုဆိုရမယ့် ဆောင်ရွက်မှုတစ်ရပ်သာ ဖြစ်ပါတယ်။**

သို့သော် ဒီလို မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းလိုက်တဲ့အတွက် တရုတ်-မြန်မာဆက်ဆံရေးအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာမလဲဆိုတဲ့ Issue အသစ်တစ်ခု ဖြစ်လာပြန်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သမ္မတကြီးရဲ့ သဝဏ်လွှာထဲမှာ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ ချုပ်ဆိုထားတဲ့ အဲဒီ စီမံကိန်းနဲ့ပတ်သက်တဲ့ စာချုပ်စာတမ်းများကို မိတ်ဝတ်မပျက်စေဘဲ သဘောတူလက်ခံအောင် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။

**တကယ်တော့ တရုတ်နဲ့ မြန်မာနိုင်ငံတို့ဟာ နှစ်နိုင်ငံနယ်နိမိတ်ချင်းရှည်လျားစွာ ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်ကြပြီး သမိုင်းကြောင်းတစ်လျှောက် ခင်မင်ရင်းနှီးစွာ ဆက်ဆံလက်တွဲနေထိုင်လာခဲ့တဲ့ မိတ်ဆွေရင်းချာနိုင်ငံတွေ ဖြစ်ပါတယ်။ သမိုင်းအစဉ်အလာရှိတဲ့ ဆွေမျိုးပေါက်ဖော်ညီအစ်ကိုဆက်ဆံရေးအဆင့်ကနေ ယခုအခါ ဘက်စုံမဟာဗျူဟာမြောက်ဆက်ဆံရေးအဆင့်သို့ ရောက်ရှိနေတဲ့ မိတ်ဖက်နိုင်ငံတွေလည်း ဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား တည်ရှိခဲ့ပြီးဖြစ်တဲ့ အပြန်အလှန်နားလည်မှု၊ ခင်မင်ရင်းနှီးတဲ့ အိမ်နီးချင်းဆက်ဆံရေးနဲ့ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းမှုများကို အရှိန်အဟုန်မြှင့်တင်နိုင်ဖို့ အစဉ်တစိုက် လက်တွဲကြိုးပမ်းနေကြတဲ့ နိုင်ငံတွေလည်း ဖြစ်ပါတယ်။**

ဒါ့အပြင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်ကစပြီး နှစ်ပေါင်း (၆၀)ကျော်အတွင်း နှစ်နိုင်ငံအကြား တန်းတူရည်တူရှိမှု၊ စာနာထောက်ထားမှု၊ နားလည်မှုများနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြတဲ့ နိုင်ငံများဖြစ်ပါတယ်။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဆက်ဆံရေးသတ်မှတ်နိုင်ခဲ့ခြင်းဟာ တရုတ်နဲ့ အခြားနိုင်ငံများအကြားဆက်ဆံရေးမှာ အဆင့်အမြင့်ဆုံး ဆက်ဆံရေးဖြစ်တဲ့အပြင် မြန်မာ-တရုတ်ဆက်ဆံရေးသမိုင်းကြောင်းမှာ သမိုင်းစာမျက်နှာသစ်အဖြစ်မှတ်ယူရမယ့် တိုးတက်ဖြစ်ထွန်းအောင်မြင်မှု ဖြစ်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံစလုံးအနေနဲ့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဖြစ် အဘက်ဘက်က ကြိုးပမ်းလက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိတာကိုလည်း အထင်အရှား တွေ့နိုင်ပါတယ်။

**အထူးသဖြင့် ၁၉၈၈ နောက်ပိုင်းမှာ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပူးပေါင်းပံ့ပိုးကူညီမှုတွေ အများကြီးပေးခဲ့ပါတယ်။ ထင်ရှားတဲ့ တံတားကြီးတွေ၊ အဆောက်အအုံကြီးတွေ၊ စက်ရုံကြီးတွေကို တရုတ်ဘက်က စိုက်ထုတ်ကျခံ တည်ဆောက်ပေးခဲ့သလို နည်းပညာအကူအညီတွေလည်း အများကြီးပေးခဲ့ပါတယ်။ ထောက်ပံ့ငွေ၊ အတိုးမဲ့ချေးငွေ၊ စီးပွားရေးချေးငွေတွေလည်း အကြိမ်ကြိမ်အထပ်ထပ်ကူညီပေးခဲ့ပါတယ်။ စွမ်းအင်၊ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးနဲ့ စိုက်ပျိုးရေးကဏ္ဍစီမံကိန်းသစ် အမြောက်အမြားမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေမြှင့်တင်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း မြန်မာ-တရုတ်နယ်စပ်မှတစ်ဆင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျောက်ဖြူစီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုဇုန်၊ ရေနက်ဆိပ်ကမ်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနဲ့ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းစသဖြင့် ပူးပေါင်းဆောင်ရွက်နေတာတွေလည်း အများအပြားရှိပါတယ်။ ဆက်လက်ပြီးတော့လည်း မြန်မာနိုင်ငံမှာကျင်းပမယ့် ၂၀၁၃ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနဲ့ ၂၀၁၄ မှာ အာဆီယံထိပ်သီးအစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ဖို့အတွက် လိုအပ်တဲ့အကူအညီများကိုလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။**

ကုန်သွယ်မှုအရကြည့်ရင်လည်း တရုတ်ဟာ မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာတော့ ခြောက်ဘီလီယံအထိ မျှော်မှန်းထားကြောင်း တွေ့ရှိရပါတယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း တရုတ်ဟာ မြန်မာနိုင်ငံမှာ အများဆုံးရင်းနှီးမြှုပ်နှံတဲ့နိုင်ငံဖြစ်ပါတယ်။ စုစုပေါင်း စီမံကိန်း (၇၂)ခုမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလီယံရင်းနှီးမြှုပ်နှံထားကြောင်း သိရှိရပါတယ်။ ဒါ့အပြင် မကြာခင်ပေါ်ပေါက်လာတော့မယ့် ထားဝယ်အထူးစီးပွားရေးဇုန်မှာလည်း တရုတ်ရင်းနှီးမြှုပ်နှံမှုများ အမြောက်အမြား ဝင်ရောက်လာဦးမှာဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံဟာ ကုလသမဂ္ဂနဲ့ နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံဘက်က အစဉ်တစိုက် ရပ်တည်ပေးခဲ့တဲ့ မိတ်ဆွေကောင်းနိုင်ငံဖြစ်ပါတယ်။ ဖြတ်သန်းလာခဲ့တဲ့ သမိုင်းတစ်လျှောက်မှာ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံဘက်က မားမားမတ်မတ်ရပ်တည်ပြီး အမှန်တရားဘက်က ခုခံကာကွယ်ပေးခဲ့သလို မြန်မာတို့ရဲ့ အမျိုးသားအကျိုးစီးပွားကိုလည်း အလေးထားကာကွယ်စောင့်ရှောက်ပေးခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေးကို အလေးထားလေးစားပြီး နယ်စပ်ဒေသ ဖြစ်စဉ်ဖြစ်ရပ်များမှာလည်း စိတ်ရင်းစေတနာမှန်စွာ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးခဲ့တာကို တွေ့နိုင်ပါတယ်။

အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံဘက်ကလည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို စွဲမြဲစွာကျင့်သုံးခဲ့ပြီး ထိုင်ဝမ်၊ တိဗက်နဲ့ ရှင်းကျန့်ဝေဂါကဲ့သို့သော ကိစ္စများမှာ ကြီးမားတဲ့ထောက်ခံမှုများ ပေးခဲ့တာကို တွေ့ရှိနိုင်ပါတယ်။ ကုလသမဂ္ဂ ပြန်လည်ဖွဲ့စည်းရေးကိစ္စမှာလည်း တရုတ်ဘက်မှ အပြည့်အဝ ရပ်တည်ပေးခဲ့ပါတယ်။ ယခုအခါ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်ကို ရောက်ရှိနေပြီဖြစ်တာနဲ့အညီ အပြန်အလှန်ပူးပေါင်းပြီး မဟာဗျူဟာမြောက် ထောက်ခံမှုများ ပြုလုပ်သွားနိုင်တော့မှာဖြစ်ပါတယ်။

နောက်တစ်ချက်က **မြန်မာနဲ့ တရုတ်နိုင်ငံတို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြပြီး နိုင်ငံတကာမှာရော ဒေသတွင်းမှာပါ တူညီတဲ့ အကျိုးစီးပွားများရှိနေကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံရဲ့ တရားမျှတတဲ့ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်သလို တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံရဲ့ တရားမျှတတဲ့ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်မှု ပေးသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် တရုတ်-မြန်မာဆက်ဆံရေးဟာ သာမန်ဆက်ဆံရေးမျိုးမဟုတ်ဘဲ ထာဝရအစွန့်ရှည်တည်တံ့ခိုင်မြဲနေမယ့် မဟာဗျူဟာမြောက် ဆက်ဆံရေးဆိုတာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။**

ဒီအချက်တွေကို ခြုံကြည့်ရင် မြစ်ဆုံကိစ္စတစ်ခုတည်းကြောင့်တော့ မြန်မာ-တရုတ်ဆက်ဆံရေး ထိခိုက်သွားလောက်စရာ မရှိနိုင်ပါဘူး။ နှစ်နိုင်ငံ အပြန်အလှန် အကျိုးကျေးဇူးပြုနေတာတွေ၊ အပြန်အလှန် အမှီသဟဲပြုနေတာတွေ၊ လက်ရှိနှစ်ဖက်ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေ၊ ဒါ့အပြင် အနာဂတ်မှာ ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တွေ စသဖြင့် အပြန်အလှန် ရှေ့ဆက်လက်တွဲသွားကြရမယ့် ကိစ္စတွေအများကြီး ရှိနေပါသေးတယ်။ ဒီမြစ်ဆုံကိစ္စကိုလည်း တရုတ် CPI ကုမ္ပဏီနဲ့ အပြန်အလှန်ညှိနှိုင်းပြီး ချစ်ခင်နားလည်မှုမပျက် ပြေလည်အောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အစဉ်အဆက် ဆွေမျိုးပေါက်ဖော် ညီရင်းအစ်ကိုလို ဆက်ဆံနေထိုင်လာခဲ့ကြတဲ့ အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်တဲ့အတွက် ဒီကိစ္စကို အောင်မြင်စွာ မဖြေရှင်းနိုင်စရာအကြောင်းမရှိပါဘူး။ တစ်ချိန်မှာ နှစ်ဖက်နားလည်ယုံကြည်သဘောတူလက်ခံနိုင်တဲ့ အဖြေကောင်းတစ်ခု ရလာနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**တကယ်တော့ ကျွန်တော်တို့ပြည်ထောင်စုကြီးဟာ မိသားစုကြီးတစ်ခုနဲ့ အလားသဏ္ဍာန်တူပါတယ်။ နိုင်ငံတော်ဗဟိုဟာ မိဘဖြစ်မယ်ဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေဟာ သားသမီးတွေ ဖြစ်ပါလိမ့်မယ်။ မိဘအနေနဲ့ ရရှိလာသမျှ အကျိုးအမြတ်တွေကို သားသမီးအားလုံးကို မျှမျှတတ အကျိုးခံစားခွင့်ပေးနိုင်ဖို့ ကြိုးပမ်းမှာဖြစ်သလို သားသမီးတိုင်းကလည်း ကိုယ်ရှာဖွေလို့ရသမျှကို ကိုယ်ကျိုးစီးပွားအတွက် သုံးစွဲဖို့ပဲ မကြည့်ဘဲ မိသားစုအတွက် ပြန်ကြည့်ဖို့ လိုပါတယ်။ မြစ်ဆုံကိစ္စဟာ ကချင်ပြည်နယ်မှာရှိလို့ ကချင်ပြည်နယ်ရဲ့ကိစ္စပဲဆိုပြီး ပစ်ပယ်ထားလို့မရသလို အဲဒီကဖြစ်ပေါ်လာမယ့် အကျိုးအပြစ်အားလုံးကိုလည်း တစ်နိုင်ငံလုံးက မျှဝေစံစား၊ ခံစားရမှာဖြစ်ပါတယ်။ အလားတူ ရခိုင်ကမ်းလွန်မှာရှိတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ဆိုင်ရာ အကျိုးအပြစ်များသည်လည်း ရခိုင်ပြည်နယ်အတွက်သာ သက်ဆိုင်တာမဟုတ်ဘဲ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်ပြီး တစ်နိုင်ငံလုံးက ကောင်းရင်လည်း ခွဲဝေစံစား၊ မကောင်းရင်လည်း မျှတခံစားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မိဘနဲ့ သားသမီး ဆက်ဆံရေးမျိုးနဲ့ မိသားစုစိတ်ဓာတ်ဟာ အရေးကြီးပါတယ်။ မြစ်ဆုံကိစ္စသည်လည်း တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် မိသားစုတစ်စုလုံးက ဝိုင်းဝန်းပြီး မိသားစုစိတ်ဓာတ်နဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်ကြဖို့ လိုအပ်လှပါတယ်။**

ချုပ်ပြီးပြောရရင် မြစ်ဆုံကိစ္စကြောင့်တော့ဖြင့် တရုတ်-မြန်မာဆက်ဆံရေး ထိခိုက်ပျက်ပြားစရာအကြောင်းမရှိပါ။ သမ္မတကြီးကိုယ်တိုင်ကလည်း နှစ်နိုင်ငံ မိတ်ဝတ်မပျက်စေဘဲ သဘောတူလက်ခံအောင် ညှိနှိုင်းဆောင်ရွက်သွားပါ့မယ်လို့ ဆိုထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် **တရုတ်-မြန်မာ ဆက်ဆံရေးဟာလည်း သမိုင်းအစဉ်အဆက် ခိုင်မာတဲ့ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမျိုးဖြစ်ခဲ့ပြီး ယခုအခါမှာ သာမန်အဆင့်မျိုးထက် အများကြီးပိုတဲ့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးအဆင့်ကို ရောက်ရှိနေပြီဖြစ်လို့ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ မိတ်ဝတ်မပျက်ဆက်ဆံရေးဟာ အရှိန်အဟုန်နဲ့ ရှေ့တိုးချီတက်နေမှာသာ ဖြစ်ပါတယ်။ နှစ်နိုင်ငံ အစိုးရများအကြား၊ နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆန္ဒပြုလိုက်ပါတယ်။** ။

## KIA အဖွဲ့၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်၌ အပြစ်မဲ့ပြည်သူသုံးဦး သေဆုံး၊ နှစ်ဦးဒဏ်ရာရရှိကာ နှစ်ဦး ဖမ်းဆီးခေါ်ဆောင်ခံရ

**နေပြည်တော် အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် မန်ငွန်ရွာဟောင်း၌ KIA အဖွဲ့၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး၊ နှစ်ဦးဒဏ်ရာရရှိကာ နှစ်ဦးဖမ်းဆီးခေါ်ဆောင်ခံရကြောင်း သိရှိရသည်။

အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများသည် မန်ငွန်ရွာဟောင်းရှိ ကိုနိုင်(ခ) နိုင်ဝဏ္ဏ၏ နေအိမ်၌ လူများသေနတ်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ကိုနိုင်(ခ)နိုင်ဝဏ္ဏ အသက်(၄၁)နှစ်၊ ၎င်း၏သား မောင်နေရဲလင်း အသက်(၂၀)၊ မီးသွေးဖုတ်လုပ်သား မောင်သက်ကိုနိုင် အသက်(၂၄)နှစ်တို့ သုံးဦးအား ကြိုးချည်ထားလျက် နေအိမ်အနီး သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရပြီး နိုင်ဝဏ္ဏ၏ဇနီး မစန္ဒာဝင်း အသက် (၄၁)နှစ်၊ မီးသွေးဖုတ်လုပ်သား မောင်ရဲကိုကို အသက် (၂၂)နှစ်တို့ နှစ်ဦး သေနတ်ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦး၏ ပြောပြချက်များအရ အောက်တိုဘာ ၁၃ ရက် ည ၈ နာရီခန့်တွင် KIA အဖွဲ့ဝင် ၁၅ ဦးခန့် ၎င်းတို့ထံ ရောက်ရှိလာကာ ငွေတောင်းခံရာ မရှိကြောင်းပြောဆိုသဖြင့် ၎င်းတို့ဘာသာ နေအိမ်အတွင်း လိုက်လံရှာဖွေပြီး ငွေနှစ်သိန်းခွဲနှင့် ကျောက်စိမ်းတုံး သုံးတုံးကို အဓမ္မယူဆောင်သွားခဲ့ကြောင်း၊ ငွေနှင့်ကျောက်စိမ်းများ ရှာဖွေတွေ့ရှိပြီးနောက် မစန္ဒာဝင်းအား လိမ်လည်သည်ဟုဆိုကာ နေအိမ်ပေါ်တွင်ပင် သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းနောက် ကိုနိုင်(ခ)နိုင်ဝဏ္ဏ၊ မောင်နေရဲလင်း၊ မောင်သက်ကိုနိုင်နှင့် မောင်ရဲကိုကိုတို့ လေးဦးအား ကြိုးတုပ်၍ နေအိမ်အပြင်သို့ ခေါ်သွားကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ မောင်ရဲကိုကိုမှာ သေနတ်ဒဏ်ရာဖြင့် တောထဲထွက်ပြေးနိုင်ခဲ့သဖြင့် လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် နိုင်ဝဏ္ဏ၏ ချွေးမ မအေးစောင်နှင့် သားဖြစ်သူ သီဟအောင် အသက် (၄)နှစ်တို့အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

မစန္ဒာဝင်းနှင့် မောင်ရဲကိုကိုတို့အား တာဝန်ရှိသူတို့က နမ့်ခမ်းဆေးရုံမှတစ်ဆင့် မူဆယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူအားလုံးကလည်း KIA အဖွဲ့အနေဖြင့် ယခုကဲ့သို့ လက်နက်အားကိုးဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လက်နက်ဖြင့် ခြိမ်းခြောက်ကာ အတင်းအဓမ္မ တပ်သားသစ်စုဆောင်းခြင်း၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ လမ်း၊ တံတား၊ စက်ရုံများ ဖျက်ဆီးခြင်း၊ လူအများ သွားလာသည့်နေရာများအား မိုင်းထောင်ခြင်း စသည့်လုပ်ရပ်များကို ပြုလုပ်နေမည့်အစား ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ပြီး ပြည်နယ်အကျိုးနှင့် ပြည်ထောင်စုအကျိုးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြရန် လိုလားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို ရှေးရှုပြီး ချေးငွေများ စနစ်တကျထုတ်ချေးပေးလျက်ရှိ ကျိုင်းခမ်းရေလှောင်တမံစီမံကိန်းကို ရန်ပုံငွေခွဲဝေခွင့်ပြုမှုအပေါ် မူတည်ပြီး လုပ်ငန်းများဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၁၇

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၈၂)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့အစည်းအဝေး၌ အရေးကြီးကိစ္စတစ်ရပ်အဖြစ် အဆိုတင်သွင်းမှတ်တမ်းတင်ခြင်း၊ မေးခွန်း(၇)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အရေးကြီးကိစ္စတစ်ရပ်အဖြစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၃ အရ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ၁၄-၁၀-၂၀၁၁ ရက်စွဲဖြင့်လည်းကောင်း၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ၁၇-၁၀-၂၀၁၁ ရက်စွဲဖြင့်လည်းကောင်း **နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမိန့်အမှတ် (၄၉/၂၀၁၁)ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဆောင်ရွက်မှုအား ပြည်သူ့လွှတ်တော်က လှိုက်လှဲဝမ်းမြောက်စွာ မှတ်တမ်းတင်ကြောင်း** အဆိုကို စာဖြင့်တင်သွင်းကြရာ ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၏ **သက်ဆိုင်ရာ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော ရဟန်းသံဃာများသည် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို (၃)နှစ်တိုင် ဆက်တိုက်လျှောက်ထားပါလျက် မရရှိဘဲဖြစ်နေပါသဖြင့် ယင်းကိစ္စအပေါ်** စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့သို့ **တက်ရောက်စဉ်။** (သတင်းစဉ်)

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## နိုင်ငံတော်၏ သစ်တောသယံဇာတလျော့ပါးမှု (၄၇)ရာခိုင်နှုန်း ရောက်ရှိနေပြီဖြစ်၍ ထိန်းသိမ်းကာကွယ်ရန်လိုနေ ပြည်တွင်း ရုပ်ရှင်၊ ဗီဒီယိုလုပ်ငန်းရှင်များအား မြန်မာဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လုပ်နိုင်ရေး ခွင့်ပြုအားပေးထား



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၄)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။** (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၇

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဆိုင်ရာမေးခွန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်၏ **"သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောကြိုးဝိုင်း ကြိုးပြင်နှင့် အပတောများအတွင်း နည်းမျိုးစုံဖြင့် သစ်တောများထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်းရှိ သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက် မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးနိုင်ရေးတို့ကိုအခြေခံပြီး ၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒနှင့် ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ အမျိုးသားသစ်တောကဏ္ဍ ပင်မနှစ်(၃၀)စီမံကိန်းတို့ကို အသီးသီးပြဋ္ဌာန်းရေးဆွဲ၍ ထာဝစဉ်တည်တံ့သော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု (Sustainable Forest Management)လုပ်ငန်းစဉ်များကို အခြေခံကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍